# တွန်းအား



**အဘယ့်ကြောင့် ဆင်းရဲဒုက္ခ ခံစားရသနည်း?**

ဘ၀အသက်တာ၏ အခက်ခဲဆုံး မေးခွန်းများအနက်
တစ်ခုအပါအဝင်ဖြစ်သော မေးခွန်းအတွက် အဖြေ

**ကောင်းကင်ဘုံ၏ ကုစားရာ ပရဲပ်ဆီ**

နှလုံးသား ကြေကွဲမှုအတွက် သေချာသော ကုထုံး

**ကျွန်ုပ်၏ အကောင်းဆုံး မိတ်ဆွေ**

အသက်ရှင် ကျန်ရစ်သူ တစ်ဦးအကြောင်း

ဤအကြောင်းအရာနှင့်ပတ်သက်၍ လူအတော်များများက မိမိတို့ စဉ်းစားရမည်ထက် ပို၍ မစဉ်းစားမိအောင် ကြိုးစားကြသော်လည်း ဤအကြောင်းကိုတော့ မငြင်းကွယ်ကြ။ ဤကမ္ဘာကြီးတွင် ဒုက္ခဝေဒနာများစွာရှိသည်။ ရက်စက်ကြမ်းကြုတ်ပြီး တရားမျှတမှုမရှိသော စစ်ပွဲများကြောင့် အပြစ်မရှိသောသူများ သေကြေပျက်စီးရသည်။ ကိုယ်အင်္ဂါချွတ်ယွင်းရသည်။ အိမ်ခြေရာမဲ့ဖြစ်ကြရသည်။ တဖန် သဘာဝနှင့် လူတို့ပြုလုပ်သော ဘေးဒဏ်များကြောင့် ပိုမိုများပြားစွာသော လူသားတို့ အလားတူ ဒုက္ခဝေဒနာများကို ခံစားခဲ့ကြရပြန်သည်။ ကင်ဆာရောဂါ၊ အေအိုင်ဒီအက်(စ်) နှင့် အခြားရောဂါများက နှစ်စဉ်နှစ်တိုင်း လူသန်းပေါင်းများစွာတို့၏ အသက်ကို ဖျက်ဆီးခဲ့ရာမှာ မကြာခဏဆိုသကဲ့ သို့ လနှင့်နှစ်နှင့်ချီလျက် ဝေဒနာခံစားခဲ့ပြီးမှ သေဆုံးကြရသည်ကို တွေ့ရမည်ဖြစ်သည်။ ဤအခြင်းအရာအတွက် အဆုံးမရှိ၊ လူ့ဘဝ အသက်ရှင်သန်မှုက အဘယ့်ကြောင့် ဤသို့ ဖြစ်ရပါသနည်း?။ ဤသည်က နှစ်ကာလပေါင်းများစွာ ကြာရှည်ခဲ့ပြီဖြစ်သော မေးခွန်းတစ်ခု၊ အဘယ့်ကြောင့် ဘုရားသခင်က (ဘုရားရှိခဲ့လျှင်) ဤသို့သော ဒုက္ခဝေဒနာများကို ခွင့်ပြုခဲ့ပါသနည်း?။

ဤမေးခွန်းအတွက် အလွယ်တကူ နားလည်နိုင်ပြီး တကမ္ဘာလုံးနှင့်သက်ဆိုင်သော အဖြေမရှိပါ။ ဘုရားသခင်ကရှိနေပြီး သူက အမှန်တကယ်ပင် ဤဒုက္ခဝေဒနာများကို ခွင့်ပြုထားသည်။ သို့သော်လည်း သူ၏ ဤသို့ ပြုရခြင်းအကြောင်းအရင်းနှင့် ရည်ရွယ်ချက်က ထိုဒုက္ခဝေဒနာများကို ခံစားရသောသူများနည်းတူ များပြားပြီး ကွဲပြားခြားနားလှသည်။ မည်သို့ဆိုစေ တစ်ခုကသေချာသည်။ ဒုက္ခဝေဒနာကို အစအဆုံး လူများမည်သို့ ခံစားရသည် သို့မဟုတ် အခြားသူများ၏ ဒုက္ခဝေဒနာခံစားရခြင်းအပေါ် မည်သို့ တုန့်ပြန်ကြသည်ဆိုသည့်အ ချက်က သူတို့၏ ယုံကြည်ချက်-အပေါ် ကျယ်ကျယ်ပြန့်ပြန့် အမြိုးသဟဲပြုလျက်ရှိသည်။ ယုံကြည်ခြင်းမရှိသူများက စိတ်ပျက်လက်ပျက်-နှင့် မျှော်လင့်ချက် ကင်းမဲ့သွားလေ့ရှိသော်လည်း သူတို့၏ လိုအပ်လာသောအချိန်တွင် တရားမျှတပြီး ချစ်ခြင်းမေတ္တာနှင့် ပြည့်ဝသော ဘုရားသခင်ပေါ် အကြွင်းမဲ့ ယုံကြည်သောသူတို့က ဘုရားရှင်၏ မကုန်မခမ်းနိုင်သော အစအဆုံးမရှိသော သယံဇာတများကို ထုတ်ယူကာ သူတို့၏ နာကျင်မှုဝေဒနာနှင့် ဆုံးရှုံးမှုတို့ပေါ် ကျော်လွှားရန် ဘုရားသခင်၏ ကျေးဇူးတော်နှင့် ခွန်အားကို ရှာဖွေကြသည်။

FrankE.Graeff (၁၈၆၀-၁၉၁၉) ၏ ကိုယ်ပိုင် ခံစားမှုနှင့်ပတ်သက်၍ အနည်းအကျဉ်းသာသိရှိကြသည်။ သို့သော်လည်း ''ယေရှုကရုစိုက်ပါသလား''အမည်ရှိသောသူ၏ ယခုအခါ ကျော်ကြားလှသည့် ဓမ္မသီချင်းကိုရေးချိန်မှာ သူ၏ အတွေ့အကြုံမှ ရေးသား နေခဲ့ခြင်းဖြစ်ပေမည်။ သူဖော်ပြခဲ့သော နာကျင်မှု ဝေဒနာက လုပ်ကြံဖန်တီးဖွဲ့ဆိုထားခြင်းသာဖြစ်သည်ဟု မဆိုနိုင်လောက်အောင် တိကျမှန်ကန်လွန်းသည်။ ထိုနေရာသို့ ရောက်သောသူမှသာလျှင် သီချင်း၏ ထပ်ဆိုရန်အပိုဒ်မှ သမ္မာတရားနှင့်မျှော်လင့်ခြင်းကို အောင်နိုင်မှုအပြည့်နှင့် ဖော်ထုတ်နိုင်မည်ဖြစ်သည်။

''ဟုတ်ပေသည်၊ သူကရုစိုက်၏။ သူ၏ နှလုံးသားက ငါ့ပူဆွေးမှု၏ ထိတွေ့မှုကို ခံရသည်။ ငါ့ကယ်တင်ရှင် ဂရုစိုက်ကြောင်းကို ငါသိသည်။''

ဒုက္ခဆင်းရဲခြင်းသည် ဘဝအသက်တာ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော်လည်း ထိုအံ့ဩစရာကောင်းသော ယုံကြည်ခြင်းနှင့် အာမခံချက်ကလည်း သင့်ကိုယ်ပိုင် ဖြစ်နိုင် သည်။ ကျွန်ုပ်အနေနှင့် ဤ ''တွန်းအား''စာစောင်က သင်ဘုရားသခင်အား အလိုအပ်ဆုံးအချိန်တွင် သင့်အား ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် အားပေးနှစ်သိမ့်ခြင်းတို့နှင့် အချိတ်အဆက်ပြုရန် အထောက်အပံ့ဖြစ်စေမည်ဟု မျှော်လင့်ပါသည်။

# ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်၏



အင်္ဂလန်မြောက်ပိုင်းတွင် ကြောက်မက်ဖွယ်ရာ ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုကြီးဖြစ်ခဲ့ရာ လူပေါင်းများစွာ တွင်းထဲ ပိတ်မိနေခဲ့ပြီး အကူအညီပေးဘို့ လက်လှမ်း မမှီသည့် အနေအထားရောက်နေခဲ့သည်။ ကျောက်မီးသွေးတွင်း၏အဝတွင် သေဆုံးသူ များနှင့် သေတော့မည့်ဆဲဆဲ အလုပ်သမားတို့၏ မိသားစုဝင်၊ ဆွေမျိုး မိတ်သင်္ဂဟတို့ စုဝေးလျက် ရှိနေကြသည်။

လူများကို စကားပြောရန် တောင်းဆိုခြင်းခံရသော ခရစ်ယာန်ဘုန်းတော်ကြီး ဖြစ်သူ Handley Moule က "ဘုရားသခင်ဟာ ဒီလိုကြောက်စရာကောင်းတဲ့ အဖြစ်ဆိုးကြီးကို ဘာ့ကြောင့် ဖြစ်ခွင့်ပေးရသလဲဆိုတာကို ကျွန်တော်တို့ နားလည်ဘို့ သိပ်ခက်ပါတယ်။ "ကျွန်တော့်အိမ်မှာ အမေပေးထားတဲ့ စာမျက်နှာ အမှတ်အသားပြု ပစ္စည်းတစ်ခုရှိပါတယ်။အဲဒီအရာကို ပိုးနဲ့ရက်လုပ်ထားပြီး ကျောဘက်ကို ကြည့်မိလိုက် ရင် ရှုပ်ထွေးနေတဲ့ ချည်စအထွေးကလွဲပြီး ဘာကိုမှ မတွေ့ရဘူး။ မြင်ရတာက အမှား ကြီး တစ်ခုလိုဘဲ။ ဒါကိုမြင်ရတဲ့လူက ဘယ်သူဘဲဖြစ်ဖြစ် ဒီအရာကို လုပ်နေတဲ့သူဟာ မိမိဘာလုပ်နေမှန်းမသိတဲ့ အမျိုးသမီးဘဲ ဖြစ်ရမယ်လို့ ထင်မိမှာဘဲ။ ဒါပေမဲ့ တဘက် ကိုလှန်ပြီး အမှန်ဘက်ကို ကြည့်လိုက်ရင် အင်မတန်မှ လှလှပပ ပန်းထိုးထားတဲ့ သတင်းစကားကိုတွေ့ရမယ်။"ဘုရားသခင်သည်ချစ်ခြင်းမေတ္တာဖြစ်သည်"ဆိုတာပါဘဲ။ ကျွန်တော်တို့က ဒီအဖြစ်ဆိုးကြီးကို အမှားဘက်က ကြည့်နေကြရပေမဲ့ တချိန်ကျရင် အခြားရှုထောင့်တစ်ခုကနေ ကြည့်ပြီး နားလည်လာကြရမယ်"။

"ခရစ်တော်၏ ချစ်ခြင်းမေတ္တာနှင့် ငါတို့ကို အဘယ်သူ ကွာစေမည်နည်း?။ ဆင်းရဲငြိုငြင်ခြင်း၊ညှဉ်းဆဲနှိပ်စက်ခြင်း၊ မွတ်သိပ်ခြင်း၊ အဝတ်အချည်းစည်းရှိခြင်း၊ ဘေးနှင့် တွေ့ကြုံခြင်း၊ ကွပ်မျက်ခြင်းကို ခံရသော်လည်း . . . မကွာစေသည်သာမက ငါတို့ကို ချစ်တော်မူသောသူ၏ ကျေးဇူးတော်ကြောင့် ငါတို့သည် ထိုအမှုခပ်သိမ်းတို့ကို ခံစဉ်တွင်ပင် အထူးသဖြင့် အောင်မြင်ကြ၏။ အကြောင်းမူကား သေခြင်းဖြစ်စေ၊ အသက်ရှင်ခြင်းဖြစ်စေ၊ ကောင်းကင်တမန်ဖြစ်စေ၊ အထွဋ်အမြတ်ဖြစ်စေ၊ အာဏာတန် ခိုးဖြစ်စေ၊ မျက်မှောက်အရာဖြစ်စေ၊ နောင်လာလတံ့သောအရာဖြစ်စေ၊ အမြင့်ဖြစ်စေ၊

အနိမ့်ဖြစ်စေ၊ ဤအရာမှစ၍ အဘယ်နိမ္မိတအရာမျှသည် ငါတို့ သခင်ယေရှုခရစ်အားဖြင့် ခံရသော ဘုရားသခင်၏ မေတ္တာတော်နှင့် ငါတို့ကို မကွာစေနိုင်ဟု ငါသည် သဘောကျလျက်ရှိ၏” တမန်တော်ကြီးပေါလုမှ ရောမ ၈း၃၅-၃၉

# ယေရှုရှင် ကြွင်နာပါသလား

***FrankE.Graeff မှ***

စိတ်ငယ် ဝမ်းနည်း ဒုက္ခကြီးထဲမှာ
သီချင်းမဆိုနိုင်သောခါ
သွားရာလမ်းဝေးကွာ ဝန်ထုပ်လေးသောအခါ
ယေရှုရှင် ကြွင်နာပါသလား။

ထပ်ဆို – ယေရှုရှင်သည် အမှုထား၏
ဝမ်းနည်းသောခါကြွင်နာသည်
နေ့တာရှည်ကြာ၍ ညချိန်မှာ ငြီးငွေ့ရာ
ယေရှုရှင်သည်ကြွင်နာ။

သက်တာလမ်းသည် မှောင်မိုက်ခြင်းအတိ
ကြောက်မက်ဖွယ်ဘေးများနှင့်ပြည့်
ညဥ့်မှောင်ကျသောခါ ကျွန်ုပ်၏အနား
ယေရှုရှင်သည် ရှိပါသလား။

ချစ်သူများနှင့် ခွဲခွာရသောခါ
ယူကြုံးမရဝမ်းနည်းလှ
ဝမ်းနည်းခြင်းလွန်ပြင်း နှလုံးကွဲရလျှင်
ယေရှုရှင်ကြွင်နာပါသလား။

# အဘယ့်ကြောင့် ဆင်းရဲ

# ဒုက္ခခံစားရသနည်း?



ဘုရားသခင်က အဘယ့်ကြောင့် ၎င်းကိုခွင့်ပြုထားပါသနည်း?
ဘဝအသက်တာ၏ အခက်ခဲဆုံး မေးခွန်းများအနက်
တစ်ခုအပါအဝင်ဖြစ်သော မေးခွန်းအတွက် အဖြေများ

*သမ္မာကျမ်းစာက ပြောသည့်အတိုင်း ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်ပြီး ကျွန်ုပ်တို့ကို သူချစ်ပါက အဘယ်ကြောင့် ကမ္ဘာကြီးတွင် ဒုက္ခဆင်းရဲခြင်းများပြားစွာ ရှိနေပါသလဲ?*

ဖြေ - ကမ္ဘာပေါ်၌ရှိသော ဆင်းရဲဒုက္ခအားလုံးအတွက် ဘုရားသခင်အား အပြစ်တင်၍မရ။သူသည် လူတို့ ဒုက္ခဆင်းရဲရောက်ရန် ပြုလုပ်ခြင်း၌ နှစ်ခြိုက်မွေ့လျော်သော ကြောက်မက်ဖွယ်ရာ ရက်စက်ကြမ်းကြုတ်သော သတ္တဝါတစ်မျိုးမျိုးမဟုတ်၊ နာကျင်ခြင်း၊ သေခြင်း၊ စိတ်ထိခိုက်ပူဆွေးခြင်းအစရှိသည်တို့ကို ဖြစ်စေသည်မှာ ဘုရား သခင်မဟုတ်ပါ။ အမှန်တရားက ကျွန်ုပ်တို့ ခံစားရသော အရာအတော်များများသည် လူတို့၏ တကိုယ်ကောင်းဆန်မှု၊ ဖျက်ဆီးခြင်းကို ရှေ့ရှုသောအမူအကျင့်နှင့်လုပ်ဆောင်ချက်များ ကြောင့်သာဖြစ်သည်။

ဥပမာအားဖြင့် စစ်ပွဲများကို ကြည့်ပါ။ သမိုင်းတလျှောက် မရေမတွက်နိုင်သော ဆင်းရဲဒုက္ခဝေဒနာများကို ဖြစ်စေခဲ့သော စစ်ပွဲများ။ သမ္မာကျမ်းစာက“သင်တို့တွင်စစ်တိုက်ခြင်း၊ ရန်တွေ့ခြင်းသည် အဘယ်အကြောင်းကြောင့် ဖြစ်သနည်း။ သင်တို့ အင်္ဂါများ၌ စစ်ပြိုင်သော ကိလေသာ ကာမစိတ်ကြောင့်ဖြစ်သည်မဟုတ်လော” (ယာ ကုပ် ၄း၁)။ စစ်ပွဲများ ကြောင့် ဖြစ်ပေါ်လာသော ဆင်းရဲဒုက္ခများအတွက် လူများကိုသာ အပြစ်တင်ရမည်ဖြစ်သည်။ တကိုယ်ကောင်းဆန်သည့် အကျိုးအမြတ်အတွက် အခြား သူတို့၏ ပျက်စီးမှုကိုဖြစ်စေသည့် သူတို့၏ တကိုယ်ကောင်းဆန်မှု၊လောဘဇောဲ၊ စိတ်ကြီးဝင် ထောင်လွှားခြင်းနှင့်ယှဉ်ပြိုင်လိုသည့် စိတ်ဓါတ်တို့ကြောင့်ဖြစ်သည်။

***ဆင်းရဲမွဲတေခြင်းနှင့်ပတ်သက်၍ ကော?*** *ကမ္ဘာ့ဆင်းရဲသော နိုင်ငံများအချို့တွင် ဝတ်မွတ်မှုဒဏ်ကြောင့် သေဆုံးနေရသော သန်းပေါင်းများစွာသော လူတို့အတွက်ကော? ထိုဆင်းရဲဒုက္ခကို သူတို့ကိုယ်တိုင် မိမိတို့ အပေါ်သို့ ကျရောက်အောင် မပြုခဲ့သည်မှာ သေချာသည်။*

ယုံသည်ဖြစ်စေ၊မယုံသည်ဖြစ်စေ၊လူသည်ဆင်းရဲမွဲတေခြင်းအတွက်လည်း တာဝန်

ရှိသည်။ ကမ္ဘာလုံးဆိုင်ရာ ပူနွေးလာမှုက တိုးမြင့်လာသည်။ အပူပိုင်းဇုံ သစ်တောကြီးများက တဖြည်းဖြည်း ပျောက်ကွယ်နေပြီဖြစ်သည်။သဲကန္တာရများက ပိုမို ကျယ်ပြန့်လာပြီး ပင်လယ်များကလည်း အသက်ကင်းမဲ့လာသည်။ ဤအဆိုးများပေါင်းစည်းထားမှုက စားနပ်ရိက္ခာဖြည့်ဆည်းမှုပေါ် ဒုက္ခရောက် ပျက်စီးစေသော ဆိုးကျိုးများကို အထူးသဖြင့် နဂိုမူလကတည်းကပင် ဆင်းရဲနေပြီဖြစ်သော ဒေသများအပေါ် သက်ရောက်စေသည်။ ထို့အပြင် အရာရာက ဆင်းရဲနွမ်းပါးသူတို့ကို အရင်းပြုလျက် ချမ်းသာကြွယ်ဝသူတို့က ပို၍ ချမ်းသာလာအောင် ကြိုးစားအားထုတ်ခြင်းကြောင့် ရရှိလာသော ရလဒ်များပင်ဖြစ်သည်။ ဥပမာအားဖြင့် ဖွံ့ဖြိုးစနိုင်ငံအချို့တွင် ငွေအရလွယ်ကူသော စည်းမဲ့ကမ်းမဲ့ သစ်ခုတ်ခြင်းများကြောင့် သက်ရှိများနှင့် ၎င်းတို့၏ ပါတ်ဝန်းကျင် ဆက်နွယ်မှု အခြေအနေကို ဖျက်ဆီးပစ်ပြီး လူဦးရေအစားထိုးရွှေ့ပြောင်းမှုများကို ဖြစ်ပေါ်စေသည်။

ထို့အပြင် နိုင်ငံရေးဆိုင်ရာ အမြတ်ထုတ်မှုများကြောင့် ဖြစ်ပေါ်လာသော လူမှုရေးပဋိပက္ခများက နိုင်ငံအတော်များများတွင် အစာရေစာခေါင်းပါးခြင်းနှင့် ဆင်းရဲ မွဲတေခြင်းကို ဖြစ်စေသည်။ ဤအတွက် ဘုရားသခင်ကို အပြစ်တင်နိုင်မည်လား? ဤနေရာတွင်လည်း ဤအခြင်းအရာက မိမိတို့ နောင်လာမည့် မျိုးဆက်များအပေါ် တကိုယ်ကောင်းဆန်မှု၊ ချစ်ခြင်းမေတ္တာမရှိခြင်း၊ အမြော်အမြင် ကင်းမဲ့ခြင်းနှင့် ဂရုစိုက်မှုမရှိခြင်း အစရှိသည်တို့အားဖြင့် သူတစ်ပါးအပေါ် ဆင်းရဲဒုက္ခကျရောက်စေသည့် အမှုအရာတစ်ခုပင်ဖြစ်သည်။

*သို့သော်လည်း သဲကန္တာရ ကျယ်ပြန့်လာခြင်း၊ သစ်တော ပြုန်းတီးခြင်းနှင့် စစ်ပွဲများကြောင့်သာ စားနပ်ရိက္ခာ ပြတ်လပ်ရခြင်းမဟုတ်ပါ။ အဆိုးစွန်ဆုံးသော ဆင်းရဲမွဲတေခြင်းနှင့် ငတ်မွတ်ခြင်းဘေးတို့ကို ဖြစ်စေသော လူတို့ လက်လှမ်းမမှီနိုင်သည့် သဘာဝအင်အားစုများ မကြာခဏရှိပါသည်။ ထိုအခြင်းအရာအတွက် ဘုရားသခင်ကို အပြစ်မတင်ထိုက်ပါလား?*

အချို့သော အကြောင်းအရင်းကြီးများက လူတို့ လက်လှမ်းမမှီသော နေရာတွင်ရှိသည်ဆိုသည့်အချက်က မှန်သော်လည်း ပြောစရာ လက်ညိုးထိုးစရာဖြစ်နေသည်က သန်းပေါင်းများစွာသော လူသားများ မဝရေစာနှင့် အသက်ရှင်နေရချိန် ကမ္ဘာ၏ အချို့သော အရပ်ဒေသများတွင် စားနပ်ရိက္ခာများက အကြီးအကျယ် ပိုလျှံလျှက်ရှိနေသည်ဆို သည့်အခြင်း အရာပင်ဖြစ်သည်။ မည်သည့် လူသားတစ်ယောက်မျှ ဆာလောင်လျက်ရှိနေဘို့ မလိုအပ်ပါ။ ဘုရားသခင်၏ မြေကြီးက လိုသည်ထက်ပို၍ပင် ထုတ်ပေးသည်။ သို့သော် ဝမ်းနည်းစရာကောင်းသည်က ချမ်းသာကြွယ်ဝသော အနောက်နိုင်ငံ များက သူတို့၏ ပိုလျှံနေသော စားနပ်ရိက္ခာများကို သိုလှောင်နေချိန် သို့မဟုတ် ဖျက်ဆီးပစ်နေရချိန် တခါတရံ အချို့သော သီးနှံများကို မစိုက်ပျိုးရန် လယ်သမားများကိုပင် ငွေပေးရသည်။ ဤကဲ့သို့သော အချိန်မျိုးတွင် ကမ္ဘာ့ဆင်းရဲသားများက ငတ်မွတ်လျက် ရှိနေခဲ့ကြသည်။

လူလုပ်သော ဆင်းရဲခြင်းနှင့် ဒုက္ခဝေဒနာခံစားခြင်း နောက်ဥပမာတစ်မျိုးက

အချို့သော ဖွံ့ဖြိုးစနိုင်ငံများ၏ မြို့ကြီးများထဲမှ အလွန်သနားစရာကောင်းသော ဆင်းရဲသားများ၏ ပစ်စလက်ခတ်ဖြစ်နေသည့်အခြေအနေပင်ဖြစ်သည်။ ပြွတ်သိပ်၊ ညစ်ပတ်ပြီး လူ့အရည်အသွေး ဂုဏ်သိက္ခာကင်းမဲ့စေသည့် ဆင်းရဲသားရပ်ကွက်များတွင် လူများနေထိုင်စေရန် ဘုရားသခင်က ဘယ်တုန်းကမျှ မရည်ရွယ်ခဲ့ချေ။ များသောအားဖြင့် ထိုသူများအနေနှင့် လေကောင်းလေသန့်ရရှိပြီး အစားအသောက် ပေါများခါ လူနေကျဲ သည့် ကျေးလက်ဒေသတွင် ဆက်လက်နေထိုင်ခဲ့ပါလျှင် ပို၍ အဆင်ပြေမည်သာဖြစ်သည်။

ဘုရားသခင် ရည်ရွယ်ခဲ့သည့် ကျန်းမာခြင်းပြည့်စုံသော ကျေးလက်ဒေသ ရှင်သန်မှုပုံစံ။

အချို့သော နိုင်ငံများတွင် ပြည်တွင်းစစ်၊ ပြောက်ကျားစစ်ပွဲများ သို့မဟုတ် ရာဇဝတ်မှုခင်းများ ဖြစ်ပွားနေသော ကျေးလက်ဒေသများမှ လွတ်မြောက်ရန် ဆင်းရဲနွမ်းပါးသူများက မြို့ကြီးများထဲ တိုးဝင်ကြသည်။ အခြားသူများ၏ လောဘနှင့် လူလူချင်းဖိနှိပ်မှုများက ဆင်းရဲဒုက္ခများကို ပိုမို ဖြစ်လာစေသည်။

ကံအကြောင်းမလှစွာဖြင့် အချို့ကလည်း မိမိတို့ကိုယ်တိုင် ရင်ဆိုင်နေရသော အကျဉ်းအကျပ် များကြောင့်သာဖြစ်ခဲ့ရသည်။ ချမ်းသာကြွယ်ဝသူများနှင့် လူလတ်တန်းစားတို့၏ ရုပ်ဝတ္ထုဆိုင်ရာ အောင်မြင်မှုအပေါ်မြင်ပြီး ထိုအခြင်းအရာက မိမိတို့ကို ပျော်ရွှင်မှုပေးနိုင်လိမ့်မည်ဟု ထင်ကြသည်။ မြို့ကြီးများက ၄င်းတို့ကို ဆွဲယူသွားသော်လည်း မကြာ-ခဏဆိုသကဲ့သို့ ၄င်းတို့၏ စီးပွါးရေးအခြေအနေက ယခင်ကထက် ပိုဆိုး လာခဲ့ကြသည်။ ခေတ်မီမြို့ကြီးများနှင့် ၄င်းတို့ယူဆောင်လာခဲ့သော ဆင်းရဲဒုက္ခဝေဒနာများက ဘုရားသခင်၏ အမှားမဟုတ်ပါ။ ၄င်းတို့သည် လူတို့ပြုလုပ်သော ကျိန်စာသာလျှင်ဖြစ်ပါသည်။

ထို့ပြင် ချမ်းသာသူအများက မိမိတို့၏ ဥစ္စာပစ္စည်း သို့မဟုတ် မြေတို့ကို ပြုသင့်သည့်အတိုင်း မျှဝေခြင်းမပြု၊ များစွာသောသူတို့ကလည်း ဆင်းရဲနွမ်းပါးသူတို့၏ လုပ်ခကို မျှတစွာမပေးခြင်း၊ သူတို့ထုတ်လုပ်သောအရာများ၏ အဘိုးအခကို တန်ရာ တန်ကြေးမပေးခြင်းများရှိသည်။ အကယ်၍ ၄င်းတို့ကသာ မျှမျှတတပေးကမ်းခဲ့လျှင် အားလုံးစားဖို့ အလုံ-အလောက် ရှိကြမည်ဖြစ်သည်။ သမ္မာကျမ်းစာက ချမ်းသာသူတို့ကို ဆင်းရဲနွမ်းပါးသူတို့အား ဝေမျှရန် ထပ်ခါတလဲလဲ အကြံပြုရုံမျှမက အမိန့်ပင် ပေးခဲ့ သည်။ (တရား ၁၅း၇-၈၊ ဆာလံ ၄၁း၁၊ မဿဲ ၅း၄၂)

ဘုရားသခင်သည် ဆင်းရဲနွမ်းပါးသူများကို ဒုက္ခဝေဒနာခံစားရန် အလိုမရှိပေ။

သိပ္ပံပညာကလည်း နှစ်ဖက်ခါးသွားဖြစ်ကြောင်း သက်သေပြခဲ့ပြီဖြစ်သည်။ ကျွန်ုပ်တို့နေထိုင်သော ကမ္ဘာကြီးနှင့်ပတ်သက်၍ ပိုမိုသိနားလည်ရန် ဘုရားသခင်သည် လူ-တို့ကို ကူညီမစခဲ့သည်ဖြစ်ရာ ဤအခြင်းအရာကြောင့် အကျိုးတရားဖြစ်ထွန်းသော ရှာဖွေတွေ့ရှိမှုများ ဖြစ်လာသကဲ့သို့ ထိုဗဟုသုတများကို တလွဲတချော် အသုံးပြုခဲ့သည့် အခြင်းအရာများလည်း ရှိခဲ့သည်။ ဤသို့ မှားယွင်းစွာ အသုံးချမှုကြောင့် ကြောက်မက်ဖွယ်ရာ စစ်လက်နက်များ၊ ညစ်ညမ်းစေသော စက်ရုံအလုပ်ရုံနှင့် သန့်စင်သော စက်ရုံ

များ၊ ကင်ဆာရောဂါဖြစ်လာစေမည့် ဝတ္တုပစ္စည်းများစသည့် အခြင်းအရာတို့အနေနှင့် အထွတ်အထိပ်သို့ ရောက်ရှိလာခဲ့သည်။ ဤသေခြင်း၊ အရောင်းအဝယ်ပြု လုပ်ငန်းများ နှင့် ဖျက်ဆီးတတ်သော ထိတွင်မှုများက မရေမတွက်နိုင်သော နာကျင်မှုဝေဒနာနှင့် ဒုက္ခဆင်းရဲခြင်းတို့ကို ဖြစ်လာစေသော်လည်း ၎င်းတို့သည် ဘုရားသခင်၏ မှားယွင်းမှု မဟုတ်ပါ။

*သို့ဖြစ်လျှင် မျက်မှောက်ကမ္ဘာကြီး၌ ဖြစ်နေသော နာကျင်မှု ဝေဒနာအားလုံးအတွက် လူသာလျှင် တာဝန်ရှိပါသလား?*

မဟုတ်ပါ။ ဤသို့သော အမှုအရာအများဆုံးက စာတန်၏ အလုပ်၊ ဘုရားသခင်၏ အဓိက ရန်သူဖြစ်ပြီး အစွမ်းတန်ခိုးကြီးမားသည့် ဝိညာဉ်ဖြစ်သော မာရ်နတ်ဆိုးပင်ဖြစ်သည်။ သူ၏ အလျှော့မပေးသော ရည်မှန်းချက်ပန်းတိုင်က လူများ ဒုက္ခဆင်းရဲရောက်စေရန် ပြုလုပ်ခြင်းပင်ဖြစ်သည်။ အမှန်အားဖြင့် စာတန်၏ အဓိက ရည်ရွယ်ချက်တစ်ခုက သူပြုလုပ်သော မကောင်းမှုများမှတဆင့် ဘုရားသခင်ပေါ် အပြစ်ပုံချပြီး လူတို့ကို ဘုရားသခင်နှင့်ဝေးရာသို့ ခေါ်ထုတ်သွားရန်ပင်ဖြစ်သည်။

*ဘုရားသခင်သည် ချစ်ခြင်းမေတ္တာပြည့်ဝပြီး တန်ခိုးတော် အနန္တနှင့် ပြည့်စုံခဲ့ပါလျှင် အဘယ့်ကြောင့် ဤဆင်းရဲဒုက္ခများကို ကျရောက်စေသော စာတန်နှင့် တာဝန်ရှိသူအားလုံးကို မတားဆီးပါသလဲ?ဘုရားသခင်တွင် တိုက်ရိုက်တာဝန်မရှိပါက အဘယ်ကြောင့် ဤအခြင်းအရာကို သူဆက်လက်ဖြစ်ပေါ်နေစေပါသနည်း?*

ဝိညာဉ်နယ်ပယ်အတွင်း ကောင်းသော အင်အားစုနှင့် မကောင်းဆိုးဝါး အင်အားစုတို့ကြား ကြီးမားပြင်းထန်သော စစ်ပွဲကြီးများအကြောင်းကို သမ္မာကျမ်းစာက ပြောထားပါသည်။(ဧဖက် ၆း၁၂)ဘုရားသခင်နှင့် သူ၏ ကောင်းကင်တမန် အင်အားစု များက အမှန်တကယ်ပင် မကြာခဏဆိုသလို စာတန်အား ဆိုးဝါးပြင်းထန်သော ပျက်စီးမှုကြီးများ မပြုလုပ်နိုင်အောင် တားဆီးကြသော်လည်း အချို့သော အနေအထားများတွင် သူ့-ကို တော်လှန်ပုန်ကန်သောသူတို့ သို့မဟုတ် သူ၏ သဘာဝနှင့် ဝိညာဉ်ရေးဆိုင်ရာ ဥပဒေသတို့ကို လိုက်နာရန်ငြင်းဆန်သူများအပေါ် ပြစ်ဒဏ်စီရင်သည့်အနေနှင့်စာတန်အား သူ၏ အဖျက်လုပ်ငန်းကို လုပ်ခွင့်ပေးလိုက်ခြင်းဖြစ်သည်။ဒုက္ခဆင်းရဲခြင်းမရောက်ရန်၊ မကောင်းမှု ဒုစရိုက်ကိုမပြုရန်၊ ကျွန်ုပ်တို့ ဤသို့သော အရာမျိုး မကျူးလွန်မိရန် ဘုရားသခင်က တားမြစ်ခြင်းနှင့် ပတ်သက်၍ သူက ဤကဲ့သို့ ပြုရမည်ဆိုလျှင် ကျွန်ုပ်တို့၏ မိမိဆန္ဒသဘောအလျောက် လွတ်လပ်စွာ လုပ်ကိုင်ခွင့်နှင့် အကောင်း၊အဆိုးကို ရွေးချယ်လုပ်ကိုင်နိုင်သော ရွေးချယ်ခြင်း၏ ခန့်ညားထည်ဝါမှုတို့ကို အဆုံးသတ် ပေးရမည်ဖြစ်သည်။

*ဤသို့ဖြစ်လျှင် ကျွန်ုပ်တို့အားလုံး ကောင်းမွန်ပြည့်စုံအောင် မူလကတည်းက ဖန်ဆင်းခဲ့ခြင်းသည် ပို၍ မကောင်းပေဘူးလား?*

ဟုတ်ပါသည်။ ဘုရားသခင်က စက်ရုပ်များကို အလိုရှိခဲ့လျှင်ပေါ့။ လူတိုင်းသည် မှန်သောအရာများနှင့်ကောင်းသောအရာများကိုသာ လုပ်ဆောင်ရန် သူလုပ်နိုင်ခဲ့ပါသည်။ သို့သော် ဘုရားရှင်သည် မိဘများနည်းတူ မိမိတို့၏ သားသမီးများကို အတင်းအကျပ်မချစ်ခိုင်းဘဲ သူတို့ စိတ်သဘောအလျောက်သာ ချစ်စေချင်သည်။ ကျွန်ုပ်တို့ သူ့-ကိုချစ်ပြီး မှန်ကန်သောအရာကို လုပ်ဆောင်ရန် ရွေးချယ်နိုင်ဘို့ ဘုရားသခင်သည် ကျွန်ုပ်တို့ကို လွတ်လပ်သော စိတ်သဘောနှင့် ဖန်ဆင်းခါ သူ၏ တန်ခိုးတော်ကို ရည်ရွယ်ချက်ပြည့်ဝစွာဖြင့် အကန့်အသတ် ပြုခဲ့သည်။ ကျွန်ုပ်တို့ကို ဤနေရာ၌ ထားရှိရခြင်းက အကောင်းနှင့်အဆိုးကြား ရွေးချယ်မှုကိုပြုရန်၊ ဘုရားရှင်၏ နည်းလမ်း သို့မဟုတ် မိမိတို့၏ နည်းလမ်းဖြင့် အရာရာကို ပြုလုပ်ရာ၌ ရွေးချယ်ရန်ပင်ဖြစ်သည်။

ဤသည်က ယနေ့ကမ္ဘာကြီးတွင် ဆင်းရဲဒုက္ခ၊ စိတ်မချမ်းမြေ့ခြင်း၊ နာကျင်ခြင်း ဝေဒနာ၊ ဖျားနာခြင်း၊ စစ်မက်ဖြစ်ပွားခြင်း၊ စီးပွါးရေးအကြပ်အတည်းများနှင့်အခြားဒုက္ခအမျိုးမျိုး ရှိနေရခြင်း၏ အဓိက အကြောင်းအရင်းပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်ကိုချစ်ပြီး နားထောင်ရန် မရွေးချယ်ဘဲ လူပေါင်းများစွာတို့က သူ၏ ချစ်ခြင်းမေတ္တာနှင့် ပြည့်ဝသော စည်းမျဉ်းများ- (ကျွန်ုပ်တို့၏ ကျန်းမာခြင်းနှင့်ပျော်ရွှင်မှုတို့အတွက်ဘုရားသခင်က ပြုလုပ်ထားသော ထိုစည်းကမ်းများ)ကို ဆန့်ကျင်ပြီး ပုန်ကန်ရန် ဆုံးဖြတ်ခဲ့သည်။ လူအများစုက မိမိတို့နည်းလမ်းဖြင့်သာ အရာရာတွင် ပြုလို၍ သူတို့၏ မှားယွင်းသောရွေးချယ်မှုကြောင့် ဖြစ်လာသော အကျိုးအဆက်ကို ခံစားကြရမည်သာဖြစ်သည်။ "လူ ထင်သည့်အတိုင်း မှန်သော လက္ခဏာရှိသော်လည်း အဆုံး၌ သေခြင်းသို့ ပို့သော လမ်းတစ်မျိုးရှိ၏။(သု ၁၄း၁၂)

*မကောင်းသော သူတို့အပေါ် မကောင်းသောအရာများဖြစ်လာစေရန် ဘုရားသခင်က အဘယ့်ကြောင့် ခွင့်ပြုသနည်း? မည်သူတစ်ဦးတစ်ယောက်မျှ ပြည့်စုံခြင်းမရှိ ဆိုသည် က မှန်သော်လည်း ၊ကောင်းသောအရာကို ပြုရန်နှင့် မှန်ကန်ပြီး ချစ်ခြင်းမေတ္တာနှင့် ပြည့်ဝသော အရာများကို အမှန်တကယ် ပြုလုပ်ရန် ကြိုးစားသောသူများကို ဆင်းရဲဒုက္ခများမှ ကင်းဝေးအောင် ဖယ်ထားခြင်းဖြင့် ဘုရားသခင်က အဘယ့်ကြောင့် ဆုမချပါသနည်း?*

များသောအားဖြင့် သူလုပ်ပါသည်။ အရာရာမှားယွင်းသောအခါများတွင် ကျွန်ုပ်တို့အားလုံး သိသိသာသာ သိရှိ သတိထားမိကြသည်။ သို့သော် မှားယွင်းသွားနိုင်သော အရာများ၊ မမှားယွင်းခဲ့သောအခါများတွင် ဤသို့ဖြစ်ရခြင်းမှာ ကျွန်ုပ်တို့ကိုယ်စား ဘုရားသခင်၏ ချစ်ခြင်းပြည့်ဝသော စွက်ဖက် ဟန့်တားမှုကြောင့်ဆိုသည်ကို ကျွန်ုပ်တို့ မကြာခဏဆိုသလိုမမြင်၊ မှန်ကန်စွာ သဘောမပေါက်။

သို့သော် ဘုရားသခင်သည် လူများ ဆင်းရဲဒုက္ခနှင့် မကောင်းမှုများကို မကျူးလွန်စေရန် တားမြစ်ခြင်း နှင့် ပတ်သက်၍ သူက ဤ ကဲ့သို့ ပြုရမည် ဆိုလျှင် သူသည် ◦ ကျွန်ုပ်တို့၏ မိမိဆန္ဒအလျောက် လွတ်လပ်စွာ လုပ်ကိုင်ခွင့်နှင့် အကောင်းအဆိုးကို ရွေးချယ်နိုင်သော ရွေးချယ်ခြင်း၏ ခန့်ညားထည်ဝါမှုတို့ကို အဆုံးသတ်ပေးရမည်

မည်သို့ဖြစ်စေ လူကောင်းသူကောင်းများက တခါတရံ ခက်ခဲသောအချိန်ကာလများကို အမှန်တကယ် ဖြတ်သန်းကြရပါသည်။ ထိုအချိန်မျိုးမှာသာလျှင် ဆင်းရဲဒုက္ခများထဲမှ အကျိုးတရားများ ရှိကြောင်းကို သတိရဘို့ အရေးကြီးသည့်အပြင် ဤအရာကလည်း နားလည်သဘောပေါက်ရန် အခက်အခဲ ရှိနိုင်သည်။ ခက်ခဲသော အချိန်ကာလများက ကျွန်ုပ်တို့ကို အရေးကြီးသော သင်ခန်းစာများပေးသကဲ့သို့ ကျွန်ုပ်တို့၏ စရိုက်လက္ခဏာများကိုလည်း ပြုပြင်ပုံသွင်းပေးသည်။ မကြာခဏ ဆိုသကဲ့သို့ အောင်မြင်မှုထက် ဆုံးရှုံးမှုမှ ပို၍ သိရှိနားလည်လာရသည်။ ထို့ပြင် ဒုက္ခဆင်းရဲခြင်းကြောင့် တင်းမာခက်ထန်လာရန်၊ ခါးသီးနာကြည်းသွားရန် ငြင်းဆန်ပြီး ချစ်ခြင်းမေတ္တာကို ဖြစ်ပေါ်စေသူများ၊ နူးညံ့ကြင်နာခြင်း၊ ကောင်းသောဂုဏ်အင်္ဂါများ၊ တစ်ပါးသူတို့အတွက် ဂရုစိုက်ခြင်းစသည်တို့ကို ဖြစ်ထွန်းစေသောသူများတွင် ဆင်းရဲဒုက္ခဖြစ်ခြင်းက မကြာခဏ အကောင်းဆုံးအရာများ ဖော်ထုတ်ပေးသည်။ သမ္မာကျမ်းစာက "ငါတို့သည် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ကိုယ်တိုင်သက်သာခြင်းရှိသကဲ့သို့ ဆင်းရဲခြင်း အမျိုးမျိုးကို ခံရသောသူတို့အား သက်သာစေနိုင်မည်အကြောင်း ဆင်းရဲခြင်းအမျိုးမျိုးတို့၌ ဘုရားသခင်သည် ငါ တို့အား သက်သာစေတော်မူ၏" (၂ကော ၁း၄) မကြာခဏဆိုသလို နှစ်သိမ့်ခြင်းနှင့်ခွန်အားအတွက် မိမိတို့ ဒုက္ခရောက်ချိန်တွင် ဘုရားသခင်ထံ ချဉ်းကပ်သူများက အခြားသူများကိုလည်း သူတို့၏ ဆင်းရဲဒုက္ခများမှ သက်သာရာရစေပြီး ၎င်းတို့၏ ပြဿနာများကို ကူညီဖြေရှင်းပေးနိုင်သူတစ်ဦးထံသို့ လမ်းညွှန်ပေးလိုကြသည်။ ၎င်းက ယေရှု၌ တင်စားသော ဘုရားသခင်နှင့် သူ၏ ချစ်ခြင်းမေတ္တာပင်ဖြစ်သည်။

အကောင်းဆုံးသတင်းစကားက မကြာတော့သော နေ့တနေ့တွင် ဘုရားသခင်ကို ချစ်သောသူတို့အတွက် အလုံးစုံသော ဒုက္ခဆင်းရဲခြင်းများက အဆုံးသတ်မည်ဖြစ်ကြောင်းကို ဘုရားသခင်၏ နှုတ်ကပတ်တော်က ကတိပြုထားသည်။ သခင်ယေရှုက သူ၏ သားသမီးများကို ဒုက္ခဆင်းရဲအားလုံးတို့မှ ကယ်တင်ပြီး ကောင်းကင်ဘုံသို့ ခေါ်ဆောင်သွားရန် ပြန်လည်ကြွလာလိမ့်မည်။ ဘုရားသခင်သည် သူတို့၏ မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်။နောက်တဖန် သေဘေးမရှိရ။ စိတ်မသာညည်းတွားခြင်း အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ၊ အကြောင်းမူကား ရှေးဖြစ်ဘူးသော အရာတို့သည် ရွှေ့သွားကြပြီ။ (ဗျာ ၂၁း၄)
အထက်ပါ ဖြေကြားမှုများသည် ဒေးဗစ်ဘရန့်ဘာ့(ဂ)၏ ရေးသားမှုများပေါ် အခြေပြုထားသည်။



# ကျွန်ုပ်၏ အကောင်းဆုံးမိတ်ဆွေ

လွန်ခဲ့သောနှစ်က ကျွန်ုပ်ကို လူနာတင်ကားဖြင့် အရေးပေါ်အခန်းသို့ ပို့ခဲ့ရသည်။ လွန်ခဲ့သော လေးနှစ်မှစ ဒုတိယဘဝအသက်တာကို ကျွန်ုပ်အစပြုခဲ့သည်။

Randy Medina

ဆေးရုံ စမ်းသပ်စစ်ဆေးမှုများက ကျွန်ုပ်၌ အသည်းကြွပ်ရောဂါရင့်နေသော အဆင့် ရောက်နေကြောင်း ပြသသည်။ ကျွန်ုပ်ဆယ်ကျော်သက်အရွယ် လွန်ခဲ့သော နှစ်ပေါင်း (၃၀)ခန့်က အသဲရောင်ရောဂါ-စီပိုး ကူးစက်ခြင်းကို ခံခဲ့ရပြီး ထိုမျှ ကြာရှည်ခဲ့သော ကာလအတွင်း ကျွန်ုပ်၏ အသဲအပေါ် သိသာထင်ရှားသော သက်ရောက်မှုတစ် ခုကိုမျှ မပြခဲ့။ ယခုဖြစ်လာသော အကျိုးဆက်က ရုတ်တရက် မထင်မှတ်ဘဲ ဖြစ်လာခဲ့သလို ပြင်းထန်မှုက ဆိုးဝါးလှသည်။ အကယ်၍ အသဲအစားထိုးမှုကို မခံယူပါက ကျွန်ုပ်သေမည်ဖြစ်ကြောင်း ပြောလာသည်။

ထိုနေ့မှစ၍ဆေးရုံက ကျွန်ုပ်၏ ဒုတိယနေအိမ်ဖြစ်လာခဲ့သည်။ ထိုနေရာမှာပင် မိမိ အသက်တာကို ပြောင်းလဲစေသည့် အတွေ့အကြုံများကို ဖြတ်သန်း ရှင်သန်ရသည်။ မျက်ရေကျရသည့်အချိန်၊ စူးရှနာကျင်လှသည့် အထီးကျန်ဆန်ခြင်းနှင့် မျှော်လင့်ချက်ကင်းမဲ့သည့် အချိန်များနှင့် စိတ်ညစ်ညူးဖွယ်ရာများ အလယ်မှ စိမ်းလန်းစိုပြေသည့် ဝမ်းမြောက်ဖွယ်ရာ အချိန်များ၊ အကောင်းဆုံးက မိမိကိုယ်တိုင် ခံစားရသော သခင်ယေရှု၏ လာရောက်ခြင်းကို နှစ်ကြိမ်တိုင်တိုင် ကျွန်ုပ်ရရှိခဲ့ပါသည်။

ကျွန်ုပ်သေရတော့မည်ကို ကြားလိုက်ရသောအချိန်တွင် ကျွန်ုပ်ပထမဆုံး စဉ်းစားမိသော မေးခွန်းက "ဘာကြောင့် ငါ့ကိုမှရွေးပြီး ဖြစ်ရတာလဲ?" ဒုတိယမေးခွန်းက "ဒီလိုအဖြစ်မျိုးနဲ့ ထိုက်တန်ရအောင် ငါဘယ်လို အမှားတွေ လုပ်ခဲ့လို့လဲ?" ဤမေးခွန်းများကို ဒေါသဖြင့်၎င်း၊ မိမိကိုယ်ကို သူတစ်ပါးထက် မှန်ကန်သည်ဟူသောစိတ်ဖြင့်၎င်း မေးခဲ့ခြင်းမဟုတ်၊ မိမိအသက်တာတွင် ပြောင်းလဲရန် လိုအပ်သော အရာတစ်ခုခုရှိမရှိကို သိချင်သောကြောင့်သာဖြစ် သည်။ ကျွန်ုပ်အနေနှင့် လူသစ်တစ်ယောက် ဖြစ်လိုသည်။

မည်သို့ဖြစ်စေ ကျွန်ုပ် ဘုရားသခင်အား တောင်းပန်ခဲ့သည်။ သူ့အား မိမိ၏ ကယ်တင်ရှင်အဖြစ် လက်ခံလိုက်သောအချိန်တွင်၊ သခင်ယေရှုက ကျွန်ုပ်၏ အပြစ်များကိုလွှတ်ပြီး မိမိအပြစ်ရှိကြောင်း သံသယဝန်ထုပ်ဝန်ပိုးကိုပါ မယူ ဖယ်ရှားလိုက်ပြီဖြစ်ကြောင်း ကျွန်ုပ်သိခဲ့သည်။ သို့သော်လည်း ထိုကတည်းက များစွာသော အပြစ်များကို ကျွန်ုပ်ပြုမိခဲ့သောကြောင့် မိမိအနေနှင့် အမှန်တကယ်ပင် စိတ်မကောင်းဖြစ်မိသည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ကျော် စော၍ သခင်ယေရှုကကျွန်ုပ်ကို ရှာဖွေကယ်တင်ခဲ့သည့် အချိန်မှစ၍ အခြေအနေတစ်ခုစီကို ကျွန်ုပ်ပြန်၍ သုံးသပ် ခဲ့သည်။ မိမိနစ်နာအောင် ပြုခဲ့သောသူမှန်သမျှနှင့် မိမိချစ်ခြင်းမေတ္တာမပါဘဲ

ပြုခဲ့သောအရာ၊ ပြောခဲ့သောအရာမှန်သမျှကို ပြန်လည်စဉ်းစားကြည့်ခဲ့သည်။ ကျွန်ုပ်ကောင်းကင်နိုင်ငံသို့ ရောက်သောအခါ ဘုရားသခင်က ကျွန်ုပ်၏ အသက်တာကို ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း သိခဲ့ပါသည်။ ထို့ကြောင့်လည်း ဖြစ်နိုင်သမျှ ထိုလုပ်ငန်းစဉ်ကို နာကျင်မှုမရှိစေရန် ယခုကတည်းက သန့်သန့်ရှင်းရှင်း ဖြစ်စေလိုသည်။

အသဲအစားထိုးကုသရန် ကျွန်ုပ်အား စောင့်ဆိုင်းစာရင်းထဲ သွင်းထားသည်။ ထိုစောင့်ဆိုင်းမှုက လပေါင်း ၂၀ မျှကြာခဲ့ပါသည်။ ထိုကာလအတွင်း ဖျားနာမှုကြောင့် ကျွန်ုပ်၏ ဦးနှောက် ထိခိုက်စပြုလာရာ စိတ်ရှုပ်လာထွေးပြီး သတိမေ့တတ်စပြုလာသည်။ ကြိမ်ဖန်များစွာ ဆေးရုံအပြင်သို့ရောက်၍ အိမ်သို့ပြန်ရန် လိုအပ်နေသောအချိန်တွင် မိမိအိမ်နားပတ်ဝန်းကျင်၌ပင်လျှင် အိမ်ပြန်လမ်း ပျောက်နေတတ်သည်။ ဤအခြင်းအရာက ကျွန်ုပ်အတွက် အလွန်ကြောက်စရာ ကောင်းခဲ့ပါသည်။

ဤသို့ဖြင့် တစ်ညတွင် မိမိကိုယ်ကို လေးနက်စွာ ဆန်းစစ်အပြီးတွင် ကျွန်ုပ်အခန်းထဲ လူတစ်ယောက်ပေါ်လာခဲ့သည်။သူကကျွန်ုပ်ကိုချစ်ကြောင်းပြောခဲ့ရာ ပထမ-တွင် မိမိအာရုံတွင် ထင်ယောင်ထင်မှားဖြစ်နေခြင်းသာဟု ယူဆခဲ့သော်လည်း ဤအခြင်းအရာက အမှန်တကယ်ဖြစ်နေကြောင်း သိရှိလာသည်။ ချက်ခြင်းဆိုသလိုပင် ထိုသူမှာ သခင်ယေရှုဖြစ်ကြောင်း ကျွန်ုပ်သိလိုက်သည်။ တခန်းလုံးလင်းလာခဲ့ရာ သူ၏ ချစ်ခြင်းမေတ္တာနှင့် နွေးထွေးမှုက ထိုမျှပင် အင်အားကြီးမားလှသည်။ သူက ကျွန်ုပ်ကို ချစ်ကြောင်း ထပ်ခါတလဲလဲ ပြောခဲ့သလို ထိုနေရာ၌ အစဉ်ရှိမည်ဖြစ်ကြောင်း ပြောခဲ့သည်။ "သင်ဘာဘဲလုပ်ခဲ့လုပ်ခဲ့၊ ငါသည် ထိုနေရာတွင် အမြဲရှိနေည်။ ငါသည် သင်၏ အကောင်းဆုံး သူငယ်ချင်းဖြစ်လိုသည်"။

အခန်းကို သူဖြတ်သန်းလျှောက်လာနေချိန် သူထိုင်ခုံတစ်လုံးနှင့် ဝင်တိုက်တော့မည်ဟု ကျွန်ုပ်က ထင်သောကြောင့် "အဲဒီခုံကို သတိထားပါ"ဟု ပြောလိုက်ချိန် သူက ငြင်သာစွာ ပြုံးလိုက်သည်။ သူ၏ ခမည်းတော်နှင့်အတူ စကြဝဠာကြီးကို ဖန်ဆင်းခဲ့သော သခင်ယေရှုကို ထိုင်ခုံနှင့်မတိုက်မိစေရန် သတိပေးရလောက်အောင် ကျွန်ုပ်က မည်သူဖြစ်ပါသနည်း?။ မည်မျှ ရယ်စရာ ကောင်းလိုက်ပါသနည်း?။

သူသည် ကျွန်ုပ်၏ အကောင်းဆုံး သူငယ်ချင်းဖြစ်လိုကြောင်း ပြောပြအပြီးမှာ ပင် အချစ်ဆုံးသူငယ်ချင်းနှစ်ယောက်ကြား ရယ်စရာမောစရာလေးများဖြင့် ရှိနေသကဲ့သို့ ဖြစ်ခဲ့ရသည်။ ကျွန်ုပ်၏ အမှားအယွင်းများနှင့်ပတ်သက်၍ သူဘာမျှ မပြောခဲ့။ ကျွန်ုပ်၏ အတိတ်နှင့်ပတ်-သက်၍ ဘာမျှမပြော၊ ကျွန်ုပ်၏ ဖျားနာခြင်းနှင့်ပတ်သက်၍ ဘာမျှမပြော၊ပျောက်မပျောက်ကိုလည်း မပြော။ သူက "သင့်ကို ငါချစ်လိုသည်။ သင်၏ မိတ်ဆွေဖြစ်လိုသည့်ပြင် သင့်အတွက် ငါသည် အစဉ် ထိုနေရာ၌ ရှိလိမ့်မည်" ဟူ ၍သာ ပြောခဲ့သည်။

ကျွန်ုပ် အိပ်ပျော်သွားခဲ့ပြီး နောက်တစ်နေ့နံနက် အိပ်ရာမှ နိုးလာသောအခါ ဆုတောင်းခဲ့သည်။"ညက ဘာဖြစ်ခဲ့သည်ကို ကျွန်ုပ်မသိပါ။" သခင်ယေရှုကို ပြောလိုက်သည်။ "သို့သော် ကျွန်ုပ်၏ စိတ်အာရုံ ထွေပြားခြင်းမဟုတ်ခဲ့လျှင် ကိုယ်တော်သည် ဤအခြင်းအရာကို ကျွန်ုပ်အား သက်သေပြရပါမည်။ ထိုနေ့ညနေတွင် ဤအတိုင်းဖြစ်ပြန်သည်။ သခင်ယေရှုက ကျွန်ုပ်၏ အခန်းထဲပေါ်လာပြီး ယခင်အတိုင်း ထပ်မံ ပြောကြားပါသည်။ သူ ကျွန်ုပ်အား နားလည်စေလိုသည့် သတင်းစကားက သူ့ကို မည်သည့်အချိန်တွင်မဆို လိုအပ်သောအခါ သူသည် ထိုနေရာတွင် ရှိမည်။ ထိုအတွေ့အကြုံမှ အစပြု၍ အခြားမည်သူ့ကိုမဆို စကားပြောသကဲ့သို့

သခင်ယေရှုနှင့်ကျွန်ုပ် စကားပြောလာနိုင်ခဲ့သည်။

အသဲအစားထိုးပြီး တစ်လခွဲအကြာတွင် အသဲအသစ်နှင့် ပတ်သက်၍ ပြဿနာများ ကြီးထွားလာခဲ့သောကြောင့် ကျွန်ုပ်ဆေးရုံပေါ်သို့ ပြန်ရောက်လာခဲ့ပြန်သည်။ သည်တစ်ကြိမ် အထူးကြပ်မတ်ဆောင်ထဲမှာ ဆရာဝန်များကလည်း ကျွန်ုပ်နှင့်ပတ်သက်၍ မည်သည့်အရာက မှားယွင်းနေကြောင်းကို အဖြေထုတ်၍မရ ဖြစ်နေသည်။ ထို့ကြောင့် နောက်ဆုံး အိမ်သို့ ပြန်ပို့လိုက်ပါတော့သည်။ ကျွန်ုပ်သေမည့်ဆဲဆဲ အခြေအနေသို့ ထပ်မံ ရောက်ခဲ့ရပြန်သည်။

ပြင်းပြင်းထန်ထန် တစ်လမျှ ခံစားရပြီးနောက် နာကျင်မှုဝေဒနာကို လုံးဝ မခံစားနိုင်တော့သဖြင့် ကောင်းကင်နိုင်ငံသို့ ပြန်လိုကြောင်း ယေရှုထံ ဆုတောင်းခဲ့သည်။ ကျွန်ုပ်က "ကိုယ်တော် ကျွန်ုပ်အား ပျောက်ကင်းအောင် မကုစားလျှင် အိမ်သို့ ပြန်ခေါ်ပါ"ဟု ဆိုခဲ့ရာ သူက ဤသို့မပြုရန် ရွေးချယ်ခဲ့သည်။ သို့သော်လည်း သူ့ကို အလိုအပ်ဆုံးအချိန်များတွင် သူကတိပြုခဲ့သည့်အတိုင်း သခင်ယေရှုသည် ကျွန်ုပ်နှင့်အစဉ်အတူရှိခဲ့ပြီး အဆိုးဆုံးကို ကျော်ဖြတ်နိုင်ရန် ကူညီမစခဲ့သည်။ ယခုတိုင် ကျွန်ုပ် ဤနေရာတွင် ရှိနေဆဲဖြစ်ပါသည်။

သခင်ယေရှုသည် ကျွန်ုပ်အတွက် မည်သို့သောအရာများ သိမ်းဆည်းထားကြောင်းကို မသိသော်လည်း၊ မိမိသည် ယခင်က အသက်ရှင်ခဲ့သော ယောက်ျားတစ်ယောက် မဟုတ်တော့ကြောင်း သေချာသည်။ ထို့ပြင် ကမ္ဘာပေါ် အကောင်းဆုံးအလုပ်တစ်ခုကို ဘုရားရှင်က ကျွန်ုပ်အား ပေးခဲ့သည်။ သခင်ယေရှု၏ အကြောင်းကို လူများအားပြောပြပြီး မိမိအတွက် မည်သည့်အရာများ လုပ်ဆောင်ပေးခဲ့သည်ကို ပြောပြခြင်းပင်ဖြစ်သည်။ မိမိအနေနှင့် လုံးဝပျောက်ကင်းခြင်း ရှိချင်မှရှိမည်။ သို့သော် အသက်ရှင်နေရခြင်းအတွက် ပျော်ရွှင်ရသလို ရည်မှန်းချက်ရှိရခြင်းအတွက်လည်း ဝမ်းမြောက်ရသည်။ ထို့ပြင် ကျွန်ုပ်အနေနှင့် သခင်ယေရှုကို ဆက်လက်ကိုးစားချစ်ခင်သွားမည်ဖြစ်သည်။

> **သခင်ယေရှု မှလွဲ၍ ကျွန်ုပ်တွင် ဘာမျှ မရှိတော့၊ သို့သော် အရေးကြီး ဆုံးကလည်း ယေရှုပင် ဖြစ်သည်၊**

ကျွန်ုပ်၏အသက်ရှင်မှုကကြိုးတန်းလျှောက်နေရဆဲ၊ နေ့စဉ် သေမင်းနှင့် မျက်နှာချင်းဆိုင်နေရသည်။ သခင်ယေရှုမှလွဲ၍ ကျွန်ုပ်တွင် ဘာမျှမရှိတော့။ သို့သော် အရေးအကြီးဆုံးကလည်း ယေရှုပင်ဖြစ်သည်။ နံနက်တိုင်း ကျွန်ုပ်အိပ်ရာမှ နိုးထသောအခါ ကျွန်ုပ်က " ကိုယ်တော်. . . ကျွန်တော့်ကို နောက်ထပ်တစ်ရက် အသက်ရှင်ခွင့်ပေးပါ"ဟု တောင်းဆိုပါသည်။ နံနက် အိပ်ရာမှထ၍ ပြတင်းပေါက်တံခါးကို ဖွင့်လိုက်ပြီး နေရောင်ကို မြင်လိုက်ရတိုင်း ဝမ်းမြောက်ဝမ်းသာ ဟစ်အော်ခဲ့ရသည်။ ထ၍ပင်ကလိုက်ချင်သည့်စိတ် ပေါ်လာသည်။ ကျွန်ုပ်၏ အကောင်းဆုံးမိတ်ဆွေနှင့် အသက်က အဘိုးတန်လှပါသည်။

ယေရှုသည် အမှန်တကယ်ပင် သင့်ကိုလည်း ချစ်သည်။ သူက သင်၏ အကောင်းဆုံး မိတ်ဆွေ၊ သူငယ်ချင်းဖြစ်လိုသည်။ ထို့ပြင် ထိုနေရာ၌ သင့်အတွက် အစဉ်ရှိနေလိမ့်မည်။



# ကောင်းကင်ဘုံ၏
# ကုစားရာ ပရုပ်ဆိ

**Maria Fontaine**

ဆယ်ကျော်သက်အရွယ် သားသမီး (၅)ဦး သေဆုံးခဲ့ရသော မိဘများထံ ပေးစာမှ

ချစ်သောသူတို့

အသဲများ ကြေကွဲ ကျိုးပဲ့သွားရသော သင်တို့အတွက် ကျွန်ုပ်၏ အသဲကြေကွဲ ကျိုးပဲ့ရသည်။ ငိုကြွေးသောသူတို့အတွက် ကျွန်ုပ်၏ မျက်လုံးများ ငိုကြွေးရသည်။ သင်တို့၏ ပြင်းထန်သော နာကျင်မှုနှင့် ဆုံးရှုံးမှုကို ကျွန်ုပ်ခံစားရသည်။ ဤသတင်းကို ကြားပြီး ကတည်းက ကျွန်ုပ်တချိန်လုံး စဉ်းစားနေခဲ့သည်က စကားမပြောနိုင်တော့လောက်အောင် ခံစားနေရသည့် သင်တို့၏ အကြောင်းပင် ဖြစ်သည်။

သင်တို့ ကလေးများအတွက် သင်တို့၌ ကြီးမားသော အကြံအစည်များ ရှိခဲ့သည်။ သူတို့က အလွန်လှပစွာ၊ ဝင်းပကြည်လင်စွာ ကြီးပြင်းလာခဲ့သော်လည်း ယခုအခါ မရှိတော့၊ ရုတ်တရက် ပျောက်ကွယ်သွားခဲ့သည်။ သင်ပြောနိုင်သည်က ...“ဘာဖြစ်လို့လဲသခင်၊ ဘယ်လိုလုပ်ပြီး ဒီလောက် ဆိုးဆိုးဝါးဝါးကြီး ကျွန်ုပ်တို့ကို ဒဏ်ခတ်ခဲ့ပါသလဲ?”...ဟု သာဖြစ်သည်။ သင်တို့စိတ်၌ ဤမျှ ညှဉ်းဆဲခြင်းကို ခံရခိုက်မှာ ကျွန်ုပ်၏ နှလုံးသား ကြေကွဲရသည်။ ထို့ကြောင့် သင်တို့၏ ဝမ်းနည်းပူဆွေးမှုထဲ၌ပင်လျှင် သူ၏ ငြိမ်သက်ခြင်းကို သင်တို့ သိနိုင်ရန် ကျွန်ုပ် ဆုတောင်းသည်။

မကြာသေးမီကပင် ဤကမ္ဘာမြေပေါ် ကျွန်ုပ်အချစ်ဆုံးဖြစ်သည့်သူကို ဆုံးရှုံးခဲ့ရသောကြောင့် ဤအခြင်းအရာက ဘာနှင့်တူကြောင်း ကျွန်ုပ်သိသည်။ အရာရာက ဘယ်သောအခါမျှ ယခင်ကကဲ့သို့ ဖြစ်လိမ့်မည်မဟုတ်တော့ကြောင်း ရုတ်တရက် သိရှိ လိုက်ရခြင်းက မည်သို့ ခံစားရကြောင်းကို ကျွန်ုပ်သိသည်။ ကျွန်ုပ်အနေနှင့် နှုတ်ဆက်ရန် အခွင့်အရေးကို မရရှိခဲ့။ သူ့ကို ကျွန်ုပ်လက်များဖြင့် ပွေ့-ဖက်ခါ နောက်ဆုံး တစ်ကြိမ်ချစ်ရန် သို့မဟုတ် ကျွန်ုပ်အတွက် မည်မျှ အဓိပ္ပါယ်ရှိခဲ့ကြောင်း ယုံကြည်စိတ် ချစေရန်ပြုဘို့ အခွင့်အရေးမရခဲ့။ ရှုတ်ချပြစ်တင်ခြင်းကို တွန်းလှန်တိုက်ခိုက်ရခြင်းကမည်သို့ဖြစ်ကြောင်း ကျွန်ုပ်သိသည်။ သို့သော် လိုအပ်သော အချိန်တွင် ပေါများကြွယ်ဝသော ကျေးဇူးတော်၏ ထောက်ပံ့မှု၊ လူ၏ဉာဏ်မမှီသော သူ၏ ငြိမ်သက်ခြင်း၊နောက်တစ်နေ့အသက်ရှင်ရန်အတွက် သူ၏ခွန်အား၊ များစွာသော အမေးများအတွက် သူ၏အဖြေ စသည်တို့ကို လက်ခံရယူခြင်းက မည်သို့ရှိသည်ကိုလည်း ကျွန်ုပ်သိသည်။

သူ၏ ချစ်ခြင်းမေတ္တာကို
အခမဲ့ကြွယ်ဝစွာ
သွန်းလောင်းခြင်းအား
ဘယ်သောအခါမျှ
ရပ်ဆိုင်းခြင်းမပြုသူသည်
ဘယ်သောအခါမျှ
ကျောခိုင်းခြင်းမပြု၊
သင်၏
လိုအပ်ချက်များ
သို့မဟုတ်
မစခြင်းနှင့်
နှစ်သိမ့်ခြင်းတို့အတွက်
သင်၏
တောင်းခံအော်ဟစ်
သံများကို
သူဘယ်သောအခါမျှ
နားပိတ်၍မထား၊
မျက်စိမှိတ်၍မထား။

ဤကဲ့သို့သောအချိန်မျိုးတွင် ကျွန်ုပ်တို့၏ တစ်ခုတည်းသော ပြုလုပ်နိုင်မှုက သခင်ယေရှုနှင့် သူ၏ နှုတ်ကပတ်တော်ထံ သွားရောက်ခါ နှစ်သိမ့်မှုကို ရယူခြင်းပင် ဖြစ်သည်။ ကျွန်ုပ်၏ အတွေ့အကြုံမှ စကားပြောနိုင်ပါသည်။ ဆုံးရှုံးရသော်လည်း၊ မျက်ရည်ကျရသော်လည်း၊ စိတ်ထိခိုက်ရသော်လည်း၊ မေးခွန်းများစွာ ရှိနေရငြားလည်း၊ သခင်ယေရှု သင့်ကို ချစ်ကြောင်းကို သိလျက် ငြိမ်သက်ခြင်းရှိနိုင်ကြောင်းကို ကျွန်ုပ် သိသည်။ သင့်အတွက် ယခုပင် သတိရနေမည့် အရေးအကြီးဆုံးအရာက ယေရှုသင့်ကို ချစ်သည်ဆိုသည့်အချက်ပင်။ တိုက်ပွဲများ၊ ဆုံးရှုံးမှုများ၊ အရှုတ်အထွေးများ၊စိတ်ထိခိုက်ခြင်းများ ရှိနေလင့်ကစား သူသည် သင့်ကို ချစ်သည်ဆိုသည့်အသိကို ဆုပ်ကိုင်ထားရမည်ဖြစ်သည်။

သခင့်ချစ်ခြင်းမေတ္တာက အဆုံးမရှိ၊ ပျက်ကွက်ခြင်းမရှိ၊ ပြောင်းလဲခြင်းမရှိ။ မည်သည့်အရာများပင် ဖြစ်နေစေကာမူ အမြင်အားဖြင့် မည်မျှပင် မှောင်မိုက်နေစေကာမူ၊ တိုက်ပွဲက မည်မျှပင် ခက်ခဲနေစေကာမူ ဥမင်လှိုဏ်ခေါင်းက မည်မျှပင် မှောင်မိုက်နေ-စေကာမူ၊ ဒုက္ခဆင်းရဲခြင်းက မည်မျှပင် ကြာရှည်နေစေကာမူ ယေရှု သင့်ကို ချစ်သည်။ ထို့ပြင် သူ၏ ချစ်ခြင်းမေတ္တာကိုပေးရာတွင် တွန့်တိုခြင်းမရှိ၊ သူ၏ မေတ္တာကို သင်လိုက်လံစုဆောင်းနေရန်အတွက် ဟိုနေရာနဲ့ သည်နေရာနဲ့ အတိုင်းအထွာဖြင့်မပေး၊ သင့်အနေနှင့် အမှားပြုမိသောအခါနှင့် သင်ကောင်းသင့်သလောက် မကောင်းသောအခါ စိတ်ဆိုးပြီး သူ၏ မေတ္တာကို ပြန်လည် ရုပ်သိမ်းခြင်းမပြု။ သခင်ပြုသောနည်းလမ်းက ဤကဲ့သို့မဟုတ်၊ သူ၏ ချစ်ခြင်းမေတ္တာကို အခမဲ့ ကြွယ်ဝစွာ သွန်းလောင်းခြင်းအား ဘယ်သောအခါမျှ ရပ်ဆိုင်းခြင်းမပြု၊ သူသည် ဘယ်သောအခါမျှ ကျောမခိုင်း၊ သင်၏ လိုအပ်ချက်များ သို့မဟုတ် မစခြင်းနှင့် နှစ်သိမ့်ခြင်းတို့အတွက် သင်၏ တောင်းခံအော်ဟစ်သံများကို သူဘယ်သောအခါမျှ နားပိတ်၍မထား၊ မျက်စိမှိတ်၍မထား။

အခြေအနေက ဆိုးဝါးမှောင်မိုက်ပြီး သင်ဆောက်တည်ရာမရ ဖြစ်သောအချိန်၊ အလုံးစုံက ရှုတ်ထွေးလျက်ရှိနေပြီး မည်သို့ ဆုတောင်းရမည်ပင် မသိလောက်အောင် ဖြစ်နေသောအခါ ဘုရားရှင်က သူ၏ ယခင်ကထက် လျော့နဲပြီးမဟုတ်ဘဲ ယခင်ကထက် ပို၍ ကြွယ်ဝ ပေါများစွာ သွန်းလောင်းပေးလိမ့်မည်။ သင်၏ နာကျင်မှု ဝေဒနာကို ဆေးကြောပြီး မျက်ရေသုတ်ခါ သင်တို့၏ ကြေကွဲနေသော နှလုံးသားများကို နှစ်သိမ့်ရန် သူ၏ ချစ်ခြင်းမေတ္တာကိုပို၍ပင် သင်တို့လိုအပ်ကြောင်းကို သခင်သိသည်။

သင်တို့အထဲမှ တချို့က ကြီးမားသော ရှုတ်ချပြစ်တင်ခြင်းကို ခံစားရကောင်း ခံစားရမည်။ အချို့ကလည်း နာကျည်းကောင်း နာကျည်းကြပေလိမ့်မည်။ များစွာသော သူတို့က အတွေးရခက်ပြီး တုန်လှုပ်ခါ အကြီးအကျယ် စိတ်မကောင်းဖြစ်ကြမည်။

ဤနာကျင်မှုဝေဒနာအားလုံးကို ဆေးကြောပစ်နိုင်သည့် တစ်ခုတည်းသော အရာ က ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၌ သင်၏ ယုံကြည်ခြင်းပင်ဖြစ်သည်။ "သူသည်အလုံးစုံကို လျောက်ပတ်စွာ ပြုတော်မူသည် (မာကု ၇း၃၇)" အကြောင်းနှင့် "ခေါ်တော်မူသောသူတို့၏ အကျိုးကို ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်း ပြုစုကြသည်"ကို ယုံကြည်ဘို့ဖြစ်သည်။ မည်မျှပင် အုံ့ဆိုင်းဖွယ်ရာကောင်းပြီး နားလည်ဘို့ရာ ခက်ခဲနေပါစေ၊ ဤအခြင်းအရာသည် ဤအခြင်းအရာသည်ပင်လျှင် နောက်ဆုံးတွင် အကျိုးအတွက် တညီတညွတ်တည်း လုပ်ဆောင်မည် ဖြစ်သည်။ သင့်ကို သခင်ယေရှုက အလွန်ချစ်ပြီး သူသည် သင့်ကို ယခုမစွန့်ပစ်ကြောင်း သင်၌ စိတ်ချမှု ရှိနေရ မည်ဖြစ်သည်။ သူ၏ နှုတ်ကပတ်တော်အားဖြင့် သင့်အားပေးထားသော ကတိတော် များကို သင်သည် ဖက်တွယ်ထားရမည်။ သူ၏ မေတ္တာကို သင်သည် မခံစား၊ မမြင်ရသည့်တိုင် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို သင်၏ ယုံကြည်ခြင်းဖြင့် သိနိုင်သည်။ သူ၏ ချစ်ခြင်းမေတ္တာ၌ရှိသော သင်၏ ယုံကြည်ခြင်းသာလျှင် ပူဆွေးခြင်း မီးထောက် မီးလျှံများကို ငြိမ်းသတ်နိုင်ရန် လုံလောက်သော အင်အားရှိပေသည်။

လောလောဆယ် ဤအခြင်းအရာ တစ်ခုလုံးကို သူ၏ ချစ်ခြင်းမေတ္တာကင်းမဲ့မှု၊ သူ၏ဒေါသ သို့မဟုတ် သူ၏ မနှစ်မြို့မှုတို့၏ လက္ခဏာအဖြစ် သင်ခံစားရသည်။ မိမိအတိတ်ကိုပြန်ကြည့်ပြီး ယူကျုံးမရ များစွာဖြစ်ရသည်။ နောင်တ သံဝေဂ အကြီးအကျယ်ရသည်။ သို့သော် သင့်အတွက် သခင်ဘုရား၏ သတင်းစကားက ဤခံစားချက်များကို လက်လွှတ်လိုက်ပါဟူ၍ဖြစ်သလို သင့်အနေနှင့်လည်း ထိုခံစားချက်များကို လက်လွှတ်နိုင်သည်။ သင့်အနေနှင့် ၎င်းတို့ကို လက်လွှတ်လိုက်ရမည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာရေလှိုင်း၏ လွှမ်းမိုးမှုအောက်တွင် ထိုအရာများ ပြောပါသွားပါစေ။

ကျွန်ုပ်တို့၏ ဆုံးရှုံးမှုများ ပျက်ကွက်မှုများအတွက် နောင်တဖြင့် မိမိကိုယ်ကို ဒဏ်ခတ်ဘို့မလိုပါ။ ကျွန်ုပ်တို့အနေနှင့် ခံစားရန် မလိုပါ။ ကျွန်ုပ်တို့ ငိုကြွေးရန် မလို ပါ။ စွတ်စွဲပြစ်တင်ခြင်းများကို ခံစားရန် မလိုပါ။ ဘုရားသခင်၏ ခွင့်လွှတ်ခြင်းနှင့်ချစ် ခြင်း မေတ္တာ၌ ငြိမ်သက်ခြင်းကို ကျွန်ုပ်တို့ ရှာဖွေနိုင်သည်။ "သေခြင်းသည် အောင်ခြင်း၌ နှစ်မြုပ်ပြီ"(၁ကော ၁၅း၅၄)

ကျွန်ုပ်၏ ဝမ်းနည်းပူဆွေးသောကာလ၊ အပြစ်ရှိကြောင်း ခံစားရပြီး ပြစ် တင် ရှုတ်ချခြင်းများကို ခံစားနေရချိန် အတိတ်အကြောင်းကို စဉ်းစား၍ မရနိုင်လောက် အောင်ပင် ဖြစ်နေခဲ့ရာ ချိုမြိန်သောအချိန်ကာလတို့မှ ပျော်ရွှင်ကောင်းမွန်ခြင်းများကို ပင်မစဉ်းစားနိုင်ခဲ့။အတိတ်ကို စွန့်ခွါထားခဲ့ပြီး ပစ္စုပ္ပန်ကို စဉ်းစားခဲ့ရသည်။ အတိတ်ကို ပြန်ကြည့်လိုက်သောအခါ ဝမ်းနည်းကြေကွဲမှုတို့က ကျွန်ုပ်ကို လွှမ်းခြုံသွားပြီး၊ ထိုအ

တိတ်တွင်နေရန် ငြင်းဆန်၍ မိမိကိုယ်ကို ပစ္စုပ္ပန်နှင့် တောက်ပြောင်သော လာမည့် အနာဂတ်ကာလပေါ် အာရုံစိုက်သောအခါ ယေရှုမေတ္တာ၏ စိတ်ချရမှုကို ခံစားရပြီး သူ၏ အစီအစဉ်၌ ဉာဏ်ပညာကို မြင်ရသည်။ အတိတ်ပေါ် အာရုံစိုက်မှု မပြုပါနှင့်၊ ၄င်းက ပြီးဆုံးခဲ့ပြီဖြစ်သည်။ တချိန်ချိန်တွင် သင်သည် ဘဝ၏ မည်သည့်ကွေ့တွင်မဆို ပျော်ရွှင်စရာကောင်းသည့် မမေ့နိုင်စရာလေးများကို ပြန်လည်ထုတ်ယူကာ ဝမ်းနည်းခြင်းကို မခံစားရဘဲ ပျော်ရွှင်ကြည်နူးမှုကို ခံစားရမည်ဖြစ်သည်။ သို့သော် လောလောဆယ်အတွက် အတိတ်မှ ပြီးခဲ့သော အကြောင်းအရာများကို ပြန်၍ မစဉ်းစားခြင်းက သင့်အတွက် ပို၍ ကောင်းပါသည်။

ဝိညာဉ်ကမ္ဘာနှင့်ကောင်းကင်ဘုံတို့သည်အစစ်အမှန်ဖြစ်ပြီး မည်မျှ နီးစပ်ကြသည်ကိုသာ ကျွန်ုပ်တို့ နားလည်ခဲ့ပါလျှင် အလွန်ပါးလွှာသော ဇာပုဝါတစ်ခုသာ ခြားထားသည်။ အလွန်ပါးလွှာသောကြောင့် ထွင်းဖောက် မြင်နိုင်သည့် ထိုအရာက ကျွန်ုပ်တို့ကို ခြားထားသည်။ သင်ချစ်သောသူများကို ဆုံးရှုံးသွားရသည်ဟု မထင်ပါနှင့်။ အဘယ်ကြောင့်ဆိုသော် သူတို့ကို သင်မဆုံးရှုံးရသေးသောကြောင့်ဖြစ်သည်။ဤဘဝအသက်တာတွင် သူတို့သည် ဘုရားသခင်ကို သိကျွမ်းပြီးချစ်ခဲ့ကြသည်။ ထို့ ကြောင့်ယခု သူတို့သည် သူနှင့်အတူရှိနေပြီဖြစ်သည်။ သူတို့သည် သင်၏ ရှေ့မှ ကြို၍ ဇာပဝါ၏ တစ်ဖက်သို့ ရောက်နှင့်ခဲ့ပြီဖြစ်သည်။ တစ်နေ့သောအခါ သင်သည် ဘုရား သခင်၏ အစအဆုံးမရှိသော ထာဝရမေတ္တာ၌ ပြန်လည်ဆုံစည်းရမည်ဖြစ်သည်။

သူတို့ သွားခဲ့ပြီဖြစ်သော်လည်း သခင်နှင့်အတူ ရှိနေဆဲဖြစ်သည်။ နီးကပ်စွာ ရှိနေဆဲဖြစ်သည်။ ယခင်ကထက်ပင်ပို၍ နီးကပ်စွာ ရှိနေခဲ့သည်။ အကယ်၍ သင်သည် နားထောင်ပြီး ယုံကြည်ခြင်းရှိခဲ့လျှင် သင့်ကို အားပေးနှစ်သိမ့်နေသော၊ ညွှန်ကြားနေသော သူတို့၏ တီးတိုးပြောဆိုသံကို သင်ကြားရမည်ဖြစ်သည်။ လူတိုင်းလူတိုင်းတွင် တချိန်မဟုတ်တချိန် ရှိတတ်ကြစမြဲဖြစ်သည့်အတိုင်း ဤဘဝတွင်အတူရှိစဉ် သဘောမတိုက်ဆိုင်မှုများ ရှိခဲ့သည့်တိုင် တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်၍ မရခဲ့သည့်တိုင် တစ်ဦးပေါ်တစ်ဦး နားလည်မှု လွဲမှားခဲ့ကြသည့်တိုင်၊ ယခုအခါ အရာရာက ယခင်က-နှင့် မတူတော့ပါ။ ယခုအခါ သင်သည် နားလည်လိမ့်မည်ဖြစ်ပြီး ခါတိုင်းထက်ပို၍လည်း စည်းလုံး၊ နီးစပ်လာလိမ့်မည်။ သင်ယုံကြည်ခြင်းရှိရုံမျှဖြင့် ဤအရာအားလုံးက ဖြစ်နိုင်သည်။

ဤခွဲခွါမှုက ကြာလိမ့်မည်မဟုတ်။ သမ္မာကျမ်းစာက ပြောသည့်အတိုင်း 'တဒင်္ဂ'သာဖြစ်သည်။ ထို့နောက်မှာတော့ သင်တို့သည် ကောင်းကင်ဘုံ၌ အစဉ်အတူတကွ ရှိကြလိမ့်မည်။ နောက်ထပ် ဘယ်သောအခါမျှ ခွဲခွါရတော့မည်မဟုတ်။ နာကျင် ဆုံးရှုံးမှုတို့ကို

နောက်ထပ် ဘယ်သောအခါမျှ မခံစားရ။ ယခုသင်ခံစားရသော နာကျင်မှုအစား သင်သည် မျှော်လင့်ခြင်းနှင့် ကောင်းကင်ဘုံ၏ သိနားလည်ခြင်းတို့ဖြင့် ကောင်းချီးပေးခြင်းကို ခံရနိုင်သည်။

သင်၏ ဆုံးရှုံးမှုက ကြီးမားလှပြီး သင်၏ ဝေဒနာက စိတ်ထိခိုက်စရာ ကောင်းလှသည်။ သို့သော်လည်း ယုံကြည်ခြင်းမရှိသောသူတို့၏ ဆုံးရှုံးမှုနှင့် နှိုင်းယှဉ် လိုက်လျှင် အလွန်သေးငယ်လှသည်။ သခင်ယေရှုကို မသိသောသူများ၊ ဆက်လက်အသက်ရှင်နေကြစဉ် သူတို့ချစ်သောသူများ ဘာဖြစ်သွားသည်ကို မသိကြသောသူ-တို့၏ ဆုံးရှုံးမှုနှင့် နှိုင်းယှဉ်လိုက်လျှင် မပြောပလောက်။ သူတို့၌ နှစ်သိမ့်မှုမရှိ၊ သက်သာရာ မရှိ၊ သွားစရာမရှိ၊ သူတို့၌ ချစ်သောသူတို့နှင့် ပြန်လည်တွေ့ဆုံရန်၊ ပြန်လည်ပေါင်းစည်းရန် မျှော်လင့်ချက်မရှိ။ သို့သော်လည်း သမ္မာကျမ်းစာ၏ သမ္မာတရားဖြင့် ကောင်းချီးမင်္ဂလာပေးထားခြင်းကို ခံထားရသောသင်တို့သည် သင်တို့၏ ချစ်သူများက ယေရှုနှင့်အတူ ပျော်ရွှင်စွာ၊ အဆမတန် ဝမ်းမြောက်လျက်၊ ကျန်းမာစွာ၊ ခွန်အားပြည့်ဝစွာနှင့်လှပစွာ ရှိနေပြီဖြစ်ကြောင်းကို သိကြသည်။ ဤခွဲခွါမှုက ခေတ္တမျှသာဖြစ်ပြီး သင်၏ ဝေဒနာနှင့် မျက်ရည်များကို မေ့ပျောက်သွားပေလိမ့်မည်ဟု ယုံကြည်ခြင်းရှိပါ။

သင်တို့သည် ကောင်းကင်ဘုံ၌ အစဉ်အတူတကွ ရှိလိမ့်မည်ဖြစ်ပြီး နောက်ထပ် ဘယ်သောအခါမျှ ခွဲခွါရတော့မည် မဟုတ်၊ နောက်ထပ် ဘယ်သောအခါမျှ ထိုသို့သော ဝေဒနာနှင့် ဆုံးရှုံးမှုမျိုးကို မခံစားရတော့

## ချစ်ခြင်းမေတ္တာ၏ အစွမ်း




စစ်ပွဲများ၏ဒဏ်ကြောင့် အင်အားချိနဲ့နေသော နိုင်ငံတစ်နိုင်ငံသို့ ပင်ပန်းနွမ်းလှသည့် လူသားချင်းစာနာထောက်ထားရေးအကူအညီပေးမှုဆိုင်ရာတာဝန်ဖြင့်သွားရောက်လုပ်ကိုင်ရာမှ ပြန်လာခဲ့သည်။ စိတ်ပိုင်း ဆိုင်ရာ ခံစားချက်အရ လျော့ပါးကုန် ခန်းသွားသလို ကျွန်တော် ခံစားရသည်။ ကျွန်တော်ကို ယခုတိုင် ခြောက်လှန့်နေဆဲ ပုံရိပ်များနှင့် ကြုံးပမ်းအား ထုတ်နေရသည့်အချိန်တွင် သီချင်းရေးသားရန်ဆိုသည်က ကျွန်ုပ်ခေါင်းထဲတွင် လုံးဝရှိမနေခဲ့သည့် အချင်းအရာတစ်ခု ဖြစ်နေခဲ့သည်။ အဆိုးဆုံး ပုံရိပ်များက ကျွန်ုပ်တို့ ဆေးရုံများကို သွားရောက်ကြည့်ရှုခဲ့စဉ် တွေ့ခဲ့ရသော မြင်ကွင်းများပင်ဖြစ်သည်။ သေးသွယ် ကြုံလှီလှသော ကလေးငယ်တို့၏ ချိုင့်ဝင်နေသောမျက်ကွင်းများထဲမှ ကျွန်ုပ်ကို ငေးကြည့်နေခဲ့သော မျက်လုံးများ၊ လွမ်းဆွတ်တသမှုကို

ဖော်ပြနေပြီး မျက်ရည်များဖြင့် ပြုံးနေကြသောသူတို့၏ မိခင်များ၊ ဤကဲ့သို့သော ဒုက္ခဝေဒနာများကို ခံစားဘို့ ဖြစ်စေခဲ့သည့် နှလုံးသား၏ မာကြောမှုက ကျွန်ုပ်အတွင်းမှာ တနုံ့နုံ့နှင့် နာနာကျည်းကျည်း ခံစားမှုကို ဖြစ်စေခဲ့သည်။

ထိုကလေးငယ်များနှင့်ဆိုလျှင် သခင်ယေရှု မည်ကဲ့သို့ ပြုမည်ကို ကျွန်ုပ်စဉ်းစားခဲ့သည်။ ဤကလေးငယ်များကို သူမည်သို့ ပွေ့ဖက်ထားခဲ့မည်၊ မည်သို့ ကောင်းချီးပေးခဲ့လိမ့်မည်၊ မည်သို့ ပျောက်ကင်းစေခဲ့လိမ့်မည်ကို တွေးကြည့်မိသည်။ ထိုသို့သော တိတ်ဆိတ်ခြင်းထဲတွင် သာယာသော တေးသံလည်း ရှိနေခဲ့သည်။ ကြားရသည်ထက် ခံစားရနိုင်သော တေးသံမျိုး၊ စန္ဒယားခလုပ်များရှေ့တွင်ထိုင်လျက် မိမိရင်ထဲ ပြည့်လျှံလာသည့် တေးကို စတင်ဖော်ဆောင်တော့သည်။ စာသားများ စတင်စီးဆင်းလာချိန် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀က သခင်၏ ကြင်နာသောလက်၏ အတွေ့အထိအားဖြင့် ပျောက်ကင်းခဲ့ရသော ကျိုးပဲ့ကြေမွပြီး ချစ်ခြင်းမေတ္တာပြည့်ဝသည့် နှလုံးသားကို သိရှိခံစားမိလိုက်သည်။

မိနစ် ၂၀ အတွင်း ၄င်း၏ ပြီးမြောက်ပြည့်စုံမှုနီးပါးမျှနှင့် သီချင်းတစ်ပုဒ်ဖြစ်လာရသည်။ ကျွန်တော်၏ မျက်နှာပေါ်သို့ မျက်ရေများ စီးကျလာခဲ့သည်။ ဤသီချင်းတွင် ပါဝင်ခဲ့သည်က ကျွန်တော့်၏ ဝိညာဉ် တောင့်တနေခဲ့သော အနာရောဂါ ပျောက်ကင်းစေခြင်းပင်ဖြစ်သည်။ ကျိုးပဲ့သွားခဲ့သော ထိုဘဝအသက်တာများ၏ နာကျင်မှု ဝေဒနာက ကျွန်တော်နှင့်အတူ ရှိနေဆဲဖြစ်သော်လည်း မည်သူမဆို ဖန်တီးပြီး အခြားတစ်ယောက်ပေါ် ယူဆောင်လာသော မုန်းတီးမှုအားလုံးထက် ပို၍ ခွန်အားကြီးမားသော ချစ်ခြင်းမေတ္တာ၏ တန်ခိုးစွမ်းအားဖြင့် ၄င်းတို့ကို ပြောင်းလဲနိုင်ပြီး ကယ်နှုတ်နိုင်သည် ဆိုသည့် မျှော်လင့်ချက်အသစ် ပေါက်ဖွားလာခဲ့ပြီဖြစ်သည်။

ခက်ခဲသော အခြေအနေနှင့် အချိန်များတွင် သင့်ကိုချစ်မည့်သူ အခက်အခဲများကို ကျော်လွှားရန်၊ ပျော်ရွှင်မှု၊ ဝမ်းမြောက်ခြင်းနှင့် ထာဝရအသက်တို့၏ သော့ကို ပိုင်ဆိုင်သောသူကို သင်မတွေ့ဆုံရသေးဟုဆိုလျှင် သင့်အနေနှင့် ရိုးသားစွာဖြင့် ယခုပင်လျင် အောက်ဖော်ပြပါအတိုင်း ဆုတောင်းခြင်းကို ပြုနိုင်ပါသည်။

ချစ်သောယေရှု၊ ကျွန်ုပ်၏ အမှားများနှင့် မှားယွင်းကျူးလွန်မှုအားလုံး ခွင့်လွှတ်ခြင်းကို ရရှိစေရန် ကျွန်ုပ်အတွက် အသေခံသောကြောင့် ကိုယ်တော်ကို ကျေးဇူးတင်ပါသည်။ ကျွန်ုပ်၏ နှလုံးသားတံခါးကို ယခုပင်ဖွင့်ပြီး ကျွန်ုပ်၏ ဘဝအသက်တာထဲသို့ ဝင်ရောက်၍ ကိုယ်တော်၏ အခမဲ့လက်ဆောင် ထာဝရအသက်ကို ပေးဘို့နှင့် ကျွန်ုပ်၏ အဦးဆုံး၊ အချစ်ဆုံး မိတ်ဆွေဖြစ်ဘို့ရာ တောင်းခံပါသည်။ အာမင်။

# သင့်ချစ်ခြင်းမေတ္တာ၏အလင်း
## (မာဂဒလမာရိ၏သီချင်း)

ကလေးငယ်တစ်ဦးကိုမချိဘဲ သင်မည်သို့ ကိုယ်ကိုညွှတ်လိုက်
ကြောင်းငါမြင်ခဲ့ရသည်
မည်သို့ နူးညံ့စွာ နှင့် ကြင်နာစွာ ပြုံးခဲ့ခြင်းအား
စောင့်ကြည့်ခဲ့သည်
သင်၏တစ်စိတ်တဒေသငါမည်မျှဖြစ်လိုကြောင်းကို
ထိုအချိန်မှသာ သိလိုက်ရသည်၊
ကျိုးပဲ့သော ဘဝများကို သင်မည်သို့
ပြင်ဆင်ကြောင်း မြင်ခဲ့ရသည်
သင်မည်သို့ ဂရုစိုက်ပြီး
ကိုယ်ချင်းစာနာကြောင်း ခံစားခဲ့ရသည်
သူတို့၏ နှလုံးသား နာကျင်မှုများက သင့်အား
မည်သို့ မျက်ရည်ကျစေခဲ့ကြောင်း
ထိုအခါမှာ သင်၏ နှလုံးသားကို ငါချစ်ခဲ့ရသည်၊
ငါ၏ မျှော်လင့်ခြင်းများ၊
ငါ့အိပ်မက်များ၊ ငါ့ကြောက်ရွံ့ခြင်းများ
သင်၏ မျက်ရေမျှားကြား ပျော်ဝင်သွားသည့်အလား
သင့်အားနီးကပ်စွာ ဖက်တွယ်ထားရန် ငါတောင့်တခဲ့ပြီး
သင့်ကိုချစ်ကြောင်းအား ပြောလိုလှသည်
အသက်တာ၏ ရက်စက်ပြီး နာကျင်လှသည့် စုံစမ်းခြင်းများ
နူးညံ့သိမ်မွေ့သော သင့်အပြုံးရှေ့ ပျောက်ကွယ်သွား
ငါ၏ နှလုံးသား ဆန္ဒကို ထိုအချိန်မှသာ သိခဲ့ရာ
သင့်ချစ်ခြင်းမေတ္တာအလင်းအောက်၊ လျှောက်လှမ်းလျက်
ငါ၏ ဘဝ ကုန်ဆုံးရန်သာ

မော်ကြည့်လာသော ငါ့မျက်နှာကို ထိကိုင်လျက်
ငါ့မျက်ရည်များကို ယုယစွာ သုတ်ပေးခဲ့သည်
ငါ၏ အတိတ်အလုံးစုံကို သင့်ချစ်မေတ္တာက ချေဖျောက်ခဲ့၍
အသစ်မွေးဖွားခြင်းကို ငါခံခဲ့ရပြီ၊
လွတ်မြောက်ခြင်းအတွက် သင်ဘယ်သို့
ပေးဆပ်ခဲ့ရကြောင်း ငါမြင်ခဲ့ရပြီး
ငါ့အတွက် သင်အသေခံချိန်ကို
မြင်ရသောအခါ ငါငိုကြွေးခဲ့သည်
ငါသည်သင်နှင့်အစဉ် ချစ်ကျွမ်းဝင်တော့မည်ဖြစ်ကြောင်း
ထိုအချိန်မှာပင် ငါသိလိုက်သည်
ရှင်ပြန်ထမြောက်ပြီး ငါ့ထံသို့ လာသောအချိန်တွင်
သင့်မေတ္တာသည် ထာဝရဖြစ်ကြောင်း သိခဲ့ရပြီ
တနေ့တွင် သင်သည် ပြန်လာ၍ သင်နှင့်အတူ ရှိနေစေရန်
ငါ့ကိုလာ၍ ခေါ်ဆောင်သိမ်းဆည်းလိမ့်မည်၊
မျက်ရည်များမရှိတော့သည့်ထိုနယ်မြေ
နှစ်အချိန်များတို့နောက်ကွယ်မှ ထိုကာလမှာ
သင်သည် ငါ့ကို ပိုက်ထွေးခါ နီးကပ်စွာ ပွေ့ဖက်ထားလျက်
ငါ့ကိုမည်မျှချစ်ကြောင်း ပြောပြလိမ့်မည်
သင်၏တောက်ပသောအပြုံးအောက် ပျောက်ကွယ်ရမှာ
ဘဝ၏ရက်စက်၍ နာကျင်သော စုံစမ်းခြင်းများသာ
ငါ၏ နှလုံးသားဆန္ဒများအား သင်ပြည့်ဆည်းခဲ့ရာ
ထိုနေရာမှာ ငါထာဝစဉ်အသက်ရှင်ရာ
သင်၏ ချစ်မေတ္တာအလင်းအောက်မှာ၊

## ဒုက္ခဆင်းရဲခြင်းအပေါ် ဘုရားသခင်၏ အမြင်

ကမ္ဘာလောကကြီး၏ ဒုက္ခဆင်းရဲခြင်း အချို့က စာတန်၏ လုပ်ရပ်သာဖြစ်သည်။
ယောဘ ၁း၁၂-၁၉၊ ၂း၆-၇၊
တမန် ၁၀း၃၈၊ ၂တိ ၂း၂၆

ကမ္ဘာလောကကြီး၏ ဒုက္ခဆင်းရဲခြင်း အချို့က မိမိကိုယ်တိုင် ထိခိုက်ခံစားရအောင်ပြုခြင်းဖြစ်ပြီး မကြာခဏ ဆိုသကဲ့သို့ လောဘဇောကြောင့် ဖြစ်ရသည်။
သုတ္တံ ၁၅း၂၇၊ ၁တိ ၆း၉-၁၀၊
ယာကုပ် ၄း၁-၂၊ ယာကုပ် ၅း၁-၃

အပြစ်နှင့်မနာခံခြင်းတို့အားဖြင့် ကျွန်ုပ်တို့သည် မကြာခဏ ဒုက္ခဆင်းရဲခြင်းကို ဖြစ်လာစေသည်။
ကမ္ဘာ ၄၂း၂၁၊ ယောဘ ၄း၈၊
ဆာလံ ၁၀၇း၁၇၊ ယေရမိ ၃၀း၁၅

ဒုက္ခဆင်းရဲခြင်းသည် တခါတရံ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် ပြည့်ဝသော ဒဏ်ခတ်ခြင်းပင်ဖြစ်သည်။
သုတ္တံ ၃း၁၁-၁၂၊ ဟေဗြဲ ၁၂း၅-၁၂၊
၁ကော ၁၁း၃၂၊ ဗျာ ၃း၁၉

ဆင်းရဲဒုက္ခကို ဘုရားသခင် ခွင့်ပြုလိုက်သောအခါ သူ၌ကောင်းမွန်ပြီး ချစ်ခြင်းမေတ္တာနှင့်ပြည့်ဝသောအကြောင်းအရင်း ရှိနေသည်။
ကမ္ဘာဦး ၄၅း၄-၈၊ ၅၀း၂၀၊
ဆာလံ ၁၁၉း၇၁၊ ရောမ ၈း၂၈

ကျွန်ုပ်တို့ ခံစားရသောအခါ ဘုရားသခင်က ကျွန်ုပ်တို့ကို နှစ်သိမ့်၍ ခွန်အားပေးသည်
မဿဲ ၅း၄၊ ယောဟန် ၁၄း၁၈၊ ၁ပေ ၅း၁၀

ဒုက္ခဆင်းရဲခြင်းများက ကျွန်ုပ်တို့အား ဘုရားသခင်နှင့်ပို၍နီးစေပြီး သူ၏ နည်းလမ်းများကို ကျွန်ုပ်တို့အား သင်ကြားသည်။
ယောဘ ၂၃း၁၀၊ ဆာလံ ၉၄း၁၂၊ ဆာလံ ၁၁၉း၇၁၊ ဟေရှာယ ၄၈း၁၀၊ ယောဟန် ၁၅း၂၊ ဟေဗြဲ ၁၂း၉-၁၁

ဒုက္ခဆင်းရဲခြင်း၏ အခြားကောင်းသော အသီးများ
တရားဟော ၈း၂ - ၁၆ (နှိမ့်ချခြင်း)
ရောမ ၅း၃ခ (သီးခံခြင်း)
ဒေသနာ ၇း၂-၃ (ဉာဏ်ပညာ)
၂ကော ၁း၄ (သနားခြင်းကရုဏာ)

ယုံကြည်ခြင်းထားပါ
ယောဘ ၁၃း၁၅က၊ တမန်တော် ၂၀း၂၃-၂၄၊ ရောမ ၁၂း၁၂က၊ ၂ကော ၇း၄ခ၊ ဖိလိ ၃း၈၊ ဟေဗြဲ ၁၁း၂၅-၂၇၊ ယာကုပ် ၅း၁၀-၁၁၊ ၁ပေ ၄း၁၃-၁၆

မြေကြီးပေါ်မှ ဒုက္ခဆင်းရဲခြင်းများအတွက် ကောင်းကင်ဘုံ၌ ဆုလဒ်များ
ရောမ ၈း၂၈၊ ၂ကော ၁း၇၊ ၂ကော ၄း၁၇၊ ၂တိ ၂း၁၂က၊ ဗျာဒိတ် ၂၁း၄



## နောက်ဆုံးအချိန်ကာလ၏ ထိုးတွင်းသိမြင်ခြင်းများ

# အနီးကပ် စောင့်ကြည့် နေသော လူ့အဖွဲ့အစည်း

၁၉၄၈ခုနှစ်တွင် သူမကွယ်လွန်မီ အချိန်ကလေးမှာပင် စာရေးဆရာကြီး ဂျော့အော်ဝဲ(လ)က သူ၏ နောက်ဆုံးဝတ္ထု ဖြစ်သည့်**The classic** ၁၉၈၄ကို ရေးသားခဲ့သည်။ ထိုစာအုပ်တွင် ကမ္ဘာကြီးက အလွန်ကြီးမားသော တစ်ပါတီ အာဏာရှင်အစိုးရအဖွဲ့ကြီး သုံးဖွဲ့လက်အောက်သို့ ကျရောက်သွားခဲ့ရသည်။ ကြောက်မက်ဖွယ် အနာဂတ်နှင့်ပတ်သက်သော ဇာတ်လမ်းကို ချယ်မှုန်းဖော်ပြခဲ့သည်။ အနောက်ဥရောပ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စုတို့ကို ထိန်းချုပ်ထားသော အစိုးရအဖွဲ့ကို **'oceania"** ဟု ခေါ်ပြီး ၎င်းကို အာဏာရှင်က အုပ်စိုးသည်။ **"oceania"**တွင် တိုင်းပြည်ကသာ အရေးကြီးပြီး စဉ်းစားတွေးခေါ်ရန် မလိုသော သစ္စာစောင့်သိမှုဖြင့် ၎င်းကို အစေခံရန်သာဖြစ်သည်။ထိုသို့သော အနေအထားကို ရရှိရေးအတွက် ၎င်းနိုင်ငံသားများ၏ ကိုယ်ပိုင်လွတ်လပ်ခွင့် အားလုံးကို ရုတ်သိမ်းဖယ်ရှားလိုက်သည်။ကိုယ်ပိုင် လွတ်လပ်ခွင့်မရှိဘဲ လွတ်လပ်ရေး မရှိနိုင်တော့။

သတင်းများ၊ စာအုပ်များ၊ ပြဇာတ်နှင့် ရုပ်ရှင်များ အပါအဝင် အရာရာတို့ကို စစ်ဆေးဖြတ်တောက်ခဲ့သည်။ မျက်မှောက်ဝါဒ ဖြန့်ချီရေးဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် သမိုင်းကို ပြန်လည်ပြုပြင် ရေးသားခဲ့သည်။ လက်ခံထားခဲ့သော စံကို သွေဖယ်၍ တမူထူးခြားစွာ ကျင့်သုံးသူ ဖြစ်နိုင်သူများအား တွေးခေါ်မှုဆိုင်ရာ ရဲများက ၎င်းတို့၏ အပြုအမူပုံစံများကို ထိန်းချုပ်စောင့်ကြည့်နေခဲ့သည်။ကျူးကျော်ဝင်ရောက်ခါ နားထောင်နိုင်သည့် နည်းလမ်းများကိုလည်း အတွင်းအကျဆုံး ကိုယ်ရေးကိုယ်တာ ဆွေးနွေးပြောဆိုခြင်းများကို ဖမ်းယူနားထောင်ရန် အသုံးပြုလာ

ခဲ့ကြသည်။

အထိရောက်ဆုံးသော ထိန်းချုပ် မှုဆိုင်ရာ နည်းလမ်းက ရုံးခန်းများ၊ စက်ရုံများ၊ အိမ်များတို့၏ အခန်းတိုင်းကို မြင်နိုင်သည့် နှစ်ဖက်နှစ်လမ်း မြင်နိုင်သော ရုပ်မြင်သံကြားများဖြစ်နိုင်သည်။ လူတစ်ယောက်ခြင်းက **"oceania"**၏ လုံခြုံရေး တပ်ဖွဲ့များ၏ စောင့်ကြည့်ခြင်းမှ ဘယ်သောအခါမျှ မလွတ်ခဲ့။

"၁၉၈၄"က ကြိုတင်ဟောကိန်းဆန်သည့်တိုင် ဂျော့အော်ဝဲ(လ)အနေနှင့် ခေတ်မှီထောက်လှမ်းရေးဆိုင်ရာ စက်မှုနည်းစံနစ်ပညာ မည်မျှ တိုးတက်ထွန်းကားလာမည်ကို မခန့်မှန်းနိုင်ခဲ့။ သူ၏ ဝတ္တုက ယခုအခါ အမှန်တကယ်ပင် ဖြစ်လာခဲ့ပြီဖြစ်သည်။ အော်ဝဲ(လ)က အလွန်သနားစရာကောင်းလှသည်။ သူသည် ယနေ့ ကမ္ဘာကြီးထဲ ဝင်ရောက်လာနိုင်ပြီး ဘာနှင့်တူသည်ကို ကြည့်ရှုနိုင်ခဲ့မည်ဆိုလျှင် အထိတ်တလန့်ဖြစ်ခါ သေသွားနိုင်သည်။ သူ၏ အချိန်ကာလနေ့ရက်များတွင် ထိုအခြင်းအရာက သိပ္ပံစိတ်ကူးယဉ်ဝတ္တုသာဖြစ်ခဲ့သည်။ ယခုအခါ လက်တွေ့ဖြစ်နေခဲ့ပြီး ဤအကြောင်းအရာကလည်း ပျောက်ကွယ်သွားလိမ့်မည်မဟုတ်။

အမှန်တကယ်လည်း အချိန်ကာလတို့၏ အထိတ်တလန့်ဖြစ်စရာ အကောင်းဆုံးနိမိတ်တစ်ခုက လူများအနေနှင့် မိမိတို့၏ လှုပ်ရှားမှုတိုင်းကို စောင့်ကြည့်ခြင်းခံရပြီး မှတ်တမ်းတင်ထားခြင်းခံရသည့်တိုင် ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိတော့။ တစ်စုံတစ်ယောက်သောသူက ကျွန်ုပ်တို့ပို့သော **E-Mail** ကို ဖတ်နိုင်သည်။ စောင့်ကြည့်ခြင်းကို ပြုလုပ်ပေးသော အေဂျင်စီများက မြေပေါ်ဆက်သွယ်ရေးစခန်းနှင့် ဆက်သွယ်ထားသော ဂြိုဟ်တုများအပြင် အခြားနည်းလမ်းများကို အသုံးပြု၍ ကျွန်ုပ်တို့ ပြုလုပ်သော ဖုံးဆက်သွယ်မှုတိုင်းကို ချိတ်ယူနားထောင်နိုင်သည်။ အကြွေးဝယ်ယူရေးကဒ်ပြားများဖြစ်သည့် **Credit Card** သို့မဟုတ် **Debit Card** များနှင့်ပြုလုပ်သော ဝယ်ယူမှုမှန်သမျှကို ကျွန်ုပ်တို့အမည်အောက် အခြားအချက်အလက်များနှင့်အတူ မှတ်တမ်းပြုထားနိုင်သည်။ အမည်ကလည်း မိမိတို့၏ လိပ်စာနှင့် ဆက်သွယ်ထားပြန်သည်။ ဤကဲ့သို့သော **Database** ကွန်ယက်များက ကျွန်ုပ်တို့ မည်သည့်နေရာတွင်ရှိကြောင်း အတိအကျသိရှိပြီး အတိုင်းအတာတစ်ခုအထိ ကျွန်ုပ်တို့ ဘာလုပ်နေကြောင်းကို သိ

သည်။အသုံးစရိတ်ပုံစံကို လေ့လာခြင်းဖြင့် အခြားသူများသည် ကျွန်ုပ်တို့၏ နှစ်သက်မှုများနှင့် အမူအကျင့်များကို သိနိုင်သည်။

ကွန်ပြူတာ **Chip** ကို အရေပြားအောက် သွတ်သွင်းမြုပ်နှံခြင်းအား ကလေးငယ်များ၊ အကျဉ်းသားများ၊ လက်သပ်မွေးထားသောတိရစ္ဆာန်များ၊ သတိမေ့ရောဂါဖြစ်သော **Alzheimer** ရောဂါဝေဒနာရှင်များ အစရှိသည်တို့ကို စောင့်ကြည့်ရန်အတွက် အသုံးပြုနေသည်။ ကျွန်ုပ်တို့၏လမ်းများ၊ မော်နီတာအရောင်းဆိုင်များ၊ ကားရပ်ရာနေရာများ၊ နေအိမ်များတွင် တန်းစီနေသော အနီးကပ်စောင့်ကြည့်နေသည့် ကင်မရာများက ကမ္ဘာတဝှမ်းနေ့စဉ် လုပ်ရိုးလုပ်စဉ် လုပ်ငန်းများ ဖြစ်နေခဲ့ကြပြီဖြစ် သည်။ ကျွန်ုပ်တို့ နောက်ဆုံးအချိန်ထိ လုပ်ဆောင်ခဲ့သော အရာများကို အင်တာနက် ပေါ်တွင် မှတ်တမ်းပြုနိုင်သည်။ လုပ်ဆောင်မှု မှန်သမျှကို ထိန်းချုပ်ထားသော "အစ်ကိုကြီး"က ဤနေရာတွင်ရှိနေပြီး ဖြစ်ရုံမျှမက တကမ္ဘာလုံးအပေါ် သူ၏ ချုပ်ကိုင်မှုကိုလည်း တင်း ကျပ်လာစေခဲ့ပြီဖြစ်သည်။ ဩစတေးလျမှ အိန္ဒိယ၊ ကနေဒါ၊ တောင်အမေရိက၊ အမေရိကန်ပြည်ထောင်စုနှင့်အာဖဂန်နစ်စတန်ထိတိုင် လူသားတို့၏အကျိုးနှင့် လူ့အဖွဲ့အစည်းအကျိုးအတွက်ဟုဆိုကာ လူသားအားလုံးကို စောင့်ကြည့်နေသော ကမ္ဘာ့အစိုးရအဖွဲ့ ပေါ်ပေါက်လာရန် လိုအပ်သည့် အခြေခံ အဆောက်အအုံများက သူ့နေရာနှင့်သူရှိလာနေပြီဖြစ်သည်။ ယနေ့ အနီးကပ်စောင့် ကြည့်သည့် ထောက်လှမ်းရေးကိရိယာများက စဉ်းစား၍ ရသမျှ အမြင့်မားဆုံး စောင့်ကြည့်ခြင်းကို ခံနေရသောလူ့အဖွဲ့အစည်းဖြစ်လာရန် လမ်းခင်းပေးလျက် ရှိနေခဲ့သည်။

ဤအရာအားလုံးက ထိန်းချုပ်မှုနှင့်ဆိုင်သောအရာပင်ဖြစ်သည်။ သမ္မာကျမ်းစာက ခရစ်တော်ကို ဆန့်ကျင်သူ သို့မဟုတ် 'သားရဲ'ဟုခေါ်၍ စာတန်ပိုင်ဆိုင်သည့်အာဏာရှင်က ဦးဆောင်သော ကမ္ဘာ့အစိုးရအဖွဲ့ကြီး လာနေပြီဟု ပြောခဲ့သည်။ (ဒံယေ ၁၁း၂၁၊ ၂၃-၂၄၊ ၈း၂၃-၂၅၊ ဗျာ ၁၃း၇)ကမ္ဘာကို အုပ်စိုးရန် ခရစ်တော်ကို ဆန့်ကျင်သူက ရှေးဦးစွာ လူတို့ကို ထိန်းချုပ်နိုင်ရမည်ဖြစ်ပြီး လူတို့ဘာတွေ လုပ်ဆောင်နေကြောင်းမသိဘဲ အဘယ်သို့ ထိန်းချုပ်နိုင်မည်နည်း?

"အစ်ကိုကြီး"အကြောင်း ဖတ်ခဲ့ဖူးသော သူတို့အတွက် ဤစက်မှုနည်းစံနစ်

ပညာတိုးတက်မှုများအားလုံးက မယုံကြည်နိုင်စရာကောင်းလှပြီး အတွေးစိတ်ကို မည်မျှ ပင် အနှောင့်အယှက်ဖြစ်စေကာမူ ကျွန်ုပ်တို့အနေနှင့် မအံ့သြသင့်ပေ။ ဤကဲ့သို့သော စံနစ်ကို သမ္မာကျမ်းစာက လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ကတည်းက ကြိုတင်ပြောကြား ထားခဲ့သည် မဟုတ်ပါလား။

(ခရစ်တော်ကိုဆန့်ကျင်သူ၏ လက်ထောက်အကြီးအကဲကို သမ္မာကျမ်းစာထဲ တွင် ကမ္ဘာကြီးကို လှည့်စားသူ မိစ္ဆာပရောဖက်အနေနှင့် ရည်ညွှန်းထားသည်). . . ငွေ ရတတ်သောသူ၊ ဆင်းရဲသောသူ၊ ကျွန်ခံသောသူ၊လွတ်သောသူ၊ အကြီးအငယ် ရှိသမျှ တို့သည် လက်ျာလက်၌ဖြစ်စေ၊ နဖူး၌ဖြစ်စေ တံဆိပ်လက်မှတ်ကို ခံစေခြင်းငှါ၎င်း၊ ထို တံဆိပ်လက်မှတ်တည်းဟူသော သားရဲ၏နာမ (ခရစ်တော်ကိုဆန့်ကျင်သူ)ဖြစ်စေ၊ နာမ ၏ အရေအတွက်ဖြစ်စေ တစ်ခုခုကို မခံသောသူတစ်ယောက်မျှ မရောင်းမဝယ်စေခြင်း ငှါ၎င်း စီရင်၏။ ဤအရာ၌ ပညာရှိ၏။ ဉာဏ်ရှိသောသူသည် သားရဲ၏ အရေအတွက် ကို ရေတွက်စေ၊ လူ၏အရေအတွက်ဖြစ်၏။ ခြောက်ရာခြောက်ဆယ်ခြောက်လည်းဖြစ် ၏။ (ဗျာ ၁၃း၁၆-၁၈)

ဤ "၆၆၆"စံနစ်အောက်တွင် ကမ္ဘာပေါ်ရှိ မည်သည့် လူသားတစ်ယောက်မျှ ၎င်းတို့၏နဖူး၊ သို့မဟုတ် လက်ျာလက်၌ အမှတ်တံဆိပ်ကို မခံယူဘဲ မည်သည့်အရာကို မှ အရောင်းအဝယ် မပြုလုပ်နိုင်ပေ။ သားရဲ၏ တံဆိပ် ၆၆၆ အီလက်ထရောနစ် ငွေ ကြေးမဲ့ အရောင်းအဝယ်စံနစ်ကို အကောင်အထည်ဖော်နိုင်သောအဆင့်သို့ စက်မှုနည်း စနစ်ပညာက အမြန်ဆုံး ရောက်လာနေပြီဖြစ်သည်။

ခရစ်တော်ကို ဆန့်ကျင်သူ အာဏာတန်ခိုး ထွားလာမှုကို ဖြစ်စေမည့် အခြား ပြောင်းလဲမှုများကလည်း ကမ္ဘာပေါ်တွင် ဖြစ်ပေါ်လျက်ရှိသည်။ သခင်ယေရှုက - ခရစ် တော်ကိုဆန့်ကျင်သူ တန်ခိုးအာဏာရရှိလာမည့် ထို (၇)နှစ်တာကာလအတွင်း "မတ ရားသောအမှုတို့သည် များပြားသဖြင့် အများသောသူတို့၏ ချစ်ခြင်းမေတ္တာသည် ခေါင်းပါးလိမ့်မည်" (မဿဲ ၂၄း၁၂)ဟု ဆိုခဲ့သည်။ သမ္မာကျမ်းစာကလည်း ထိုနေ့ရက် များတွင် "ဆိုးညစ်သောသူ၊ လှည့်ဖြားသောသူတို့မူကား၊ သူတစ်ပါးကို၎င်း၊ ကိုယ်ကို၎င်း လှည့်ဖြား၍ဆိုးညစ်ခြင်း၌ တရွေ့ရွေ့ တိုးပွားကြလိမ့်မည်"ဟု (၂တိ ၃း၁၃)တွင် ပြော

ထားသည်။ စီးပွားရေး ပျက်ပြားလဲပြိုမှုကြီးမှ ကြောက်မက်ဖွယ်ရာ စစ်မက်ဖြစ်ပွားခြင်း များ အစရှိသည့် အန္တရာယ်မှ ကမ္ဘာကြီးကို မည်သူက ကယ်တင်မည်နည်း?-သေချာပါသည်။ ခရစ်တော်ကို ဆန့်ကျင်သူပင် ဖြစ်ပေလိမ့်မည်။ ဘုရားသခင်ကို ရှိသေ ကြောက်ရွံ့မှု မရှိခြင်း တိုး၍တိုး၍ဖြစ်လာသော ဤသူတို့၏ လက်ထဲတွင် ဤကဲ့သို့သော စက်မှုနည်းပညာများနှင့် ကမ္ဘာကြီးက"လူတိုင်းအတွက် စက်မှုနည်းပညာနှင့် လုံခြုံမှု"ဟူသော ကတိကို ပေးသည့် စာတန်၏ ဩဇာခံ ကမ္ဘာ့အစိုးရနှင့် စာတန်၏ လက်ထဲသို့ တည့်မတ်စွာ ကျရောက်ရန် သူ့အကြိုက် လုပ် ဆောင်နေသည်။ သို့ သော် ကတိမပေးထားသည်က အနီးကပ် စောင့်ကြည့်မှုနှင့် ထိန်းချုပ်မှု၊ စည်းကမ်း မလိုက်နာသူတို့အပေါ် ရုန့်ရင်းကြမ်းတမ်းစွာ ဖိနှိပ်မှုနှင့် စာတန်ကို ဘုရားအဖြစ် မကိုးကွယ်သောသူတို့အပေါ် အမြစ်ပြတ် ခြေမှုန်းစစ်ပြုရန်တို့ပင်ဖြစ်သည်။ (ဗျာ ၁၃း၅-၇၊၁၄-၁၈၊ ၂သက် ၂း၃-၄)

မကြာမီ လာတော့မည့် အနာဂတ်က အုံ့မှိုင်းလျက် ရှိသည်။ သို့သော် ကြို တင် သတိပေးချက် ကြိုတင်ပြင်ဆင်မှုပြုလျက် ခရစ်တော်ကို ဆန့်ကျင်သူနှင့် သူ၏ အမှတ်တံဆိပ်ကို ဆန့်ကျင်ဘို့ အသင့် ရှိနေရန်ပင်ဖြစ်သည်။ အလွန် ကွာခြားခြင်းမရှိလှသော အနာဂတ် ကာလတွင် သခင်ယေရှု ပြန်လည် ကြွလာသောအခါ ကျွန်ုပ်တို့၏ အနာဂတ်က မည်သည့်အခါကမျှနှင့်မတူဘဲ အတောက်ပဆုံး ဖြစ်ပေလိမ့်မည်။(မဿဲ ၂၄း၂၉-၃၁)။ ထိုအခါ ကျွန်ုပ်တို့သည် အလွန် အံ့ဩဖွယ်ရာ ကမ္ဘာသစ်၏ အာရုံဦးကို ပျော်ရွှင်စွာ ခံစားကြရပေမည်ဖြစ်ရာ (ဟေရှာ ၁၁း၆-၉)တွင် သမ္မာကျမ်းစာက ထိုနေရာသည် . . . "နွားသငယ်၊ ခြင်္သေ့သငယ်. . တို့သည် အတူသွားလာကြ၍. . . ပင်လယ်ရေသည် မိမိနေရာကို လွှမ်းမိုးသကဲ့သို့ မြေကြီးသည် ထာဝရဘုရားကို သိကျွမ်းခြင်းပညာနှင့် ပြည့်စုံလိမ့်မည်"ဟု ဆိုထားပါသည်။

ကမ္ဘာ့ဥပဒေ စိုးမိုးမှုအသစ် ဖြစ်လာရန် အရာရာက သူ့နေရာနှင့်သူ ရှိလာခဲ့သလို အမြန်ဆုံးလည်း ဖြစ်လာနေသည်၊

# မှန်ကန်လာအောင် တည့်မတ်ပေးခြင်း

ဘဝအသက်တာဆိုသည်က အကြောင်းအရင်းနှင့် အကျိုးဆက်တို့၏ ကြီးမားသောစက်ဝန်းကြီးပင်ဖြစ်သည်။ လူတိုင်းက နေ့စဉ်နေ့တိုင်း ရွေးချယ်မှုများကို ပြုလုပ်ကြပြီး လူတိုင်းလူတိုင်း၏ ရွေးချယ်မှုများက အခြားသူများပေါ် သက်ရောက်မှုရှိသည်။ လူသားတိုင်း၏ ရွေးချယ်မှုများနှင့် ထိုရွေးချယ်မှုကြောင့် တစ်ပါးသူများအပေါ် ကျရောက်လာခဲ့သော သက်ရောက်မှုတို့၏ ပူးပေါင်းလုပ်ဆောင်ခြင်းက ယနေ့ ကမ္ဘာကြီး ဖြစ်နေသည့်အတိုင်း ဖြစ်လာအောင် လုပ်ဆောင်ပေးခဲ့ကြသည်။

ပြဿနာတစ်ခုစီတိုင်းကို တစ်စုံတစ်ဦး၏ ချစ်ခြင်းမေတ္တာ ကင်းမဲ့သော၊ သို့မဟုတ် တကိုယ်ကောင်းဆန်သော ရွေးချယ်မှု ပြုခဲ့ခြင်းဆီသို့ ခြေရာခံသွားနိုင်သည်။ ဤအပြစ်များ တကိုယ်ကောင်းဆန်ခြင်းနှင့် ချစ်ခြင်းမေတ္တာကင်းမဲ့ခြင်းသည် ယနေ့ ကမ္ဘာကြီးထဲ ပြဿနာများ ဖြစ်ရခြင်း၏ အဓိက အကြောင်းအရင်းများပင် ဖြစ်သည်။ လူများက မိမိတို့၏ မှားယွင်းသော ရွေးချယ်မှုများ သူတစ်ပါးအပေါ် မည်သို့သော သက်ရောက်မှုရှိကြောင်းကို မမြင်၊ ထိုသို့မဟုတ်လျှင်လည်း အရာရာတွင် တနည်းတလမ်း၊ တမျိုးတမည်ပြုရန်အတွက် လုံလောက်သော ဂရုစိုက်မှုမျိုးမရှိ။

မှားယွင်းသော ရွေးချယ်မှုများ ပြုလုပ်ခြင်းက များလွန်းလှသည်။ မိမိဘာလုပ်လုပ် အကြောင်းမထူး၊ စိတ်ပျက်စရာကောင်းလှသည့် အစရှိသဖြင့် ကမ္ဘာကြီးက ဝရုန်းသုန်းကားနှင့် ရှုတ်ထွေးလှသည်ဟု သင်ထင်ကောင်းထင်မည်။ သို့သော် ထိုအရာက မမှန်ပါ။ ပြဿနာတိုင်းက မှားယွင်းသော ဆုံးဖြတ်မှုများဆီသို့ ပြန်လည် ခြေရာခံနိုင်သလို ပြဿနာတို့၏ အဖြေများကလည်း မှန်သောအရာ ချစ်မေတ္တာပြည့်ဝပြီး တကိုယ်ကောင်းမဆန်သောအရာကိုလုပ်ရန် ဉာဏ်ပညာနှင့် ပြည့်ဝပြီး ချစ်ခြင်းမေတ္တာရှိသော အဆုံးအဖြတ်များဖြင့် အစပြုသည်။

အနည်းငယ်သော ချစ်ခြင်းမေတ္တာက ကြီးမားသော ထူးခြားမှုများကို ဖြစ်စေသည်။ ကြင်နာသော အပြုအမူတစ်ခု၊ သို့မဟုတ်တကိုယ်ကောင်းမဆန်သော အပြုအမူတစ်ခုက လူများစွာတို့၏ ဘဝအသက်တာကို ပိုကောင်းမွန်လာစေရန် ရေရှည်တွင် ပြောင်းလဲမှုများကို တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ ဖြစ်ပေါ်စေမည့် အကြောင်းအရာတစ်ခုကို စတင်ပေးနိုင်သည်။ ထို့ကြောင့် ကမ္ဘာကြီးထဲတွင် ဒုက္ခဆင်းရဲခြင်းများ၊ ပူဆွေးဝမ်းနည်းခြင်းများ၊ မှားယွင်းချွတ်ချော်မှုများ အလွန်ပေါ်များနေစေကာမူ စိတ်ပျက်အားလျော့ခြင်း မရှိနှင့်။ ထို အစား အရာရာကို မှန်ကန် တည့်မတ်စေရန် မိမိလုပ်ဆောင်နိုင်သမျှကို လုပ်ဆောင် ပြီး အခြားသူများကိုလည်း အလားတူ လုပ်ဆောင်နိုင်ရန် အားပေးပါ။ ကမ္ဘာကြီးက တစ်ရက်တည်းနှင့်မ ပြောင်းလဲနိုင်သော်လည်း သင့်အနေနှင့်ကြိုးစားလျှင် ထူးခြားမှုကို ဖြစ်စေနိုင်သည်။



**သခင်ယေရှုထံမှ ချစ်ခြင်းမေတ္တာဖြင့်**